iSP

မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျူမှ ထုတ်ဝေသည်။

# တရုတ်-မြန်မာဆက်ဆံရေးအပေါ်
# မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း
## (၂၀၂၂)



မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျူမှ ထုတ်ဝေသည်။

# တရုတ်–မြန်မာဆက်ဆံရေးအပေါ်

## မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

(၂၀၂၂)

ဇူလိုင် ၂၀၂၂

PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION


Institute for Strategy and Policy-Myanmar
မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု

www.ISPMyanmar.com

info@ISPMyanmar.com

# ISP-Myanmar **အကြောင်း**

မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (ISP-Myanmar) သည် လွတ်လပ်ပြီး ပါတီစွဲကင်းသော အစိုးရမဟုတ်သည့် သုတေသနအဖွဲ့ ဖြစ်ပါသည်။ ISP-Myanmar ၏ မြော်မြင်ချက်မှာ မြန်မာနိုင်ငံကို ရုန်းထကြွခိုင်မှု အားကောင်းပြီး သည်းခံစိတ်ကြီးမားသော လူမှုအဖွဲ့အစည်းတရပ်အဖြစ် ပေါ်ထွန်းလာစေရေး ဖြစ်သည်။ ဦးတည်ချက်အနေဖြင့် ဒီမိုကရေစီကျသော ခေါင်းဆောင်မှုကို မြှင့်တင်အားပေးရန်နှင့် နိုင်ငံ့အရေးတွင် နိုင်ငံသားများပါဝင်မှု အားကောင်းစေရန် ဖြစ်ပါသည်။ ISP-Myanmar အနေဖြင့် အထက်ဖော်ပြပါ မြော်မြင်ချက်နှင့် ဦးတည်ချက်နှစ်ရပ်ကို အခြေခံ၍ မြန်မာ့ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် အရပ်ဘက်အဖွဲ့အစည်းများ ရှင်သန်အားကောင်းရေးတို့ကို အဓိက အစီအစဉ်သုံးရပ်ဖြင့် လုပ်ဆောင်နေပါသည်။

ISP-Myanmar က လုပ်ဆောင်နေသည့် အဓိက အစီအစဉ်သုံးရပ်မှာ -

(၁) **မူဝါဒဦးတည်သည့် သုတေသနလုပ်ငန်းများ**
(၂) **သုတေသနအရည်အသွေး မြှင့်တင်ရေးသင်တန်းများ ပို့ချခြင်းနှင့် ခေါင်းဆောင်အဆင့် ဆွေးနွေးထိစပ်ခြင်းများ**
(၃) **မီဒီယာကြားခံပေါင်းစုံဖြင့် ဆက်ဆံဆက်သွယ်ရေးနှင့် ပြင်ပဆက်ဆံရေးလုပ်ငန်းစဉ်များ** ဖြစ်ပါသည်။

ISP-Myanmar က အထူးပြုလေ့လာတင်ပြနေသည့်နယ်ပယ် သုံးရပ်ရှိပြီး ၎င်းတို့မှာ(က)ပဋိပက္ခ၊ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကဏ္ဍ၊(ခ)တရုတ်ရေးရာလေ့လာမှုနှင့် (ဂ) နိုင်ငံရေး ဘောဂဗေဒအကြောင်းချင်းရာများ ဖြစ်ပါသည်။ အဆိုပါ နယ်ပယ်သုံးရပ်နှင့်ပတ်သက်သော ဒေတာအချက်အလက်များကို ဖော်ပြခြင်း၊ ဆန်းစစ်ချက်များနှင့် ဖြစ်တန်ခြေအကဲဖြတ်ခြင်းတို့လည်း စဉ်ဆက်မပြတ် လုပ်ဆောင်နေပါသည်။ ထို့နည်းတူ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့် ဆုံးရှုံးနေသည့် လူငယ်များအတွက် ကြားကာလပညာရေး ဖြည့်ဆည်းပေးမှုအဖြစ် Bridge Education Program ကိုလည်း လုပ်ဆောင်နေပါသည်။ ISP-Myanmar က လုပ်ဆောင်နေသော အကြောင်းအရာများနှင့် ဖော်ပြချက်များကို www.ISPMyanmar.com ၌ လေ့လာနိုင်ပါသည်။ ■

# ပုံနှိပ်မှတ်တမ်း

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏
သဘောထားအမြင်စစ်တမ်း (၂၀၂၂)

ဇူလိုင်၊ ၂၀၂၂။

**အယ်ဒီတာအဖွဲ့**
နေထွန်းနိုင်၊ နန်းလွင်ရတနာအောင်၊ လင်းထက်အောင်

**စာမျက်နှာဖွဲ့စည်းမှု**
ထွန်းဦး၊ ဖြိုးဦးပိုင်

**မျက်နှာဖုံးဒီဇိုင်း**
PNGtree.com တွင် syedhassan နှင့် 588ku တို့ ရေးဆွဲထားသော
Vector image နှစ်ခုကို ပေါင်းစပ်၍ ထွန်းဦးက မျက်နှာဖုံးဒီဇိုင်း ပြုလုပ်ထားပါသည်။

---

ယခုစစ်တမ်းကို International Republican Institute (IRI) ၏ ဘဏ္ဍာရေးအကူအညီဖြင့်
ဆောင်ရွက်ခဲ့ပါသည်။

# မာတိကာ


- **စစ်တမ်းအကြောင်း** ၁၁
- **စစ်တမ်းကောက်ယူပုံ နည်းစနစ်** ၁၃
- **သုတေသနကျင့်ဝတ်နှင့် လုပ်ငန်းစဉ်** ၁၉
- **ထူးခြားသော တွေ့ရှိချက်များ** ၂၃
- **တွေ့ရှိချက်များ** ၃၅
  - တရုတ်နိုင်ငံအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ ယေဘုယျသဘောထားအမြင် ၃၇
  - မြန်မာနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းတွင် တရုတ်နိုင်ငံ၏ ပါဝင်မှု ၅၁
  - မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးအရ ဆက်ဆံရေး ၆၉
  - မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ပါဝင်မှု ၇၉
  - တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများအပေါ် သဘောထားအမြင် ၈၉
  - ကိုဗစ်-၁၉ ရောဂါအတွက် တရုတ်နိုင်ငံ၏ ကူညီမှုအပေါ် သဘောထားအမြင် ၁၀၁
  - တရုတ်နိုင်ငံ၏ အပျော့ဆွဲသြဇာ တည်ဆောက်မှုအပေါ် အမြင်များ ၁၁၁
  - တရုတ်နည်းပညာသုံး မိုဘိုင်းဖုန်းများ၊ အက်ပလီကေးရှင်းများနှင့် လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ်ပစ္စည်းများ သုံးစွဲမှုအခြေအနေ ၁၁၉

# စစ်တမ်းအကြောင်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်ခဲ့ပြီး တနှစ်အကြာ၌ မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (ISP-Myanmar) သည် ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) ၏ နည်းပညာအကူအညီဖြင့် တရုတ်-မြန်မာ ဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်ဆိုင်ရာ သုတေသနစစ်တမ်းတခု ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် ကဏ္ဍအမျိုးမျိုးတွင် ကျင်လည်လှုပ်ရှားနေကြသည့် မြန်မာ့မူဝါဒအသိုက်အဝန်းမှ ပဓာနကျသော ပုဂ္ဂိုလ်များအနေဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဆက်ဆံရေးအား အဓိကပုံဖော်နေသည့် အခြေခံအကြောင်းအရာများနှင့် ပတ်သက်၍ နားလည်မှု၊ တူညီမှုများနှင့် ကွဲပြားမှုများ မည်သို့ရှိသည်ကို စစ်တမ်းကောက်လေ့လာခဲ့ပါသည်။ အထူးသဖြင့် စစ်အာဏာသိမ်းပြီး နောက်ပိုင်း ဖြစ်လာသည့် နိုင်ငံရေးအခင်းအကျင်းတွင် တရုတ်နိုင်ငံ၏ ပါဝင်မှု၊ တရုတ်နိုင်ငံ ပါဝင်နေပြီး ကာလရှည်တစ်ဆို့နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး၊တရုတ်-မြန်မာစီးပွားရေးစင်္ကြံစီမံကိန်းများနှင့် ကိုဗစ်ကပ်ရောဂါအတွက် တရုတ်နိုင်ငံ၏ကူညီမှုအပေါ် သဘောထားအမြင်များနှင့်ပတ်သက်သည့် အကြောင်းအရာများအပေါ် ဘက်အသီးသီး၏ယူဆချက်များကို စစ်တမ်းကောက်လေ့လာခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံ၏ အပျော့ဆွဲသြဇာ တည်ဆောက်မှုများနှင့် တရုတ်နည်းပညာသုံး မိုဘိုင်းဖုန်းများ၊ အက်ပလီကေးရှင်းများနှင့် လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ်ပစ္စည်းများ သုံးစွဲမှုအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ ယူဆချက်များလည်း ပါဝင်သည်။

မြန်မာ့မူဝါဒအသိုက်အဝန်းဟုဆိုရာတွင် နိုင်ငံရေးနှင့် စီးပွားရေးနယ်မှပုဂ္ဂိုလ်များ၊ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ အထူးသဖြင့် တရုတ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် နိုင်ငံတကာဆက်ဆံရေး ကိစ္စများနှင့်ဆက်စပ်ပြီး အကျွမ်းတဝင်ရှိနေသည့် မြန်မာနိုင်ငံမှ တတ်သိပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ ထင်ရှားသောပုဂ္ဂိုလ်များအပါအဝင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (EAOs) ခေါင်းဆောင်များ၏ သဘောထားအမြင်များကိုလည်း စစ်တမ်းကောက်ယူခဲ့ပါသည်။ ISP-Myanmar ၏ တွေ့ရှိချက်များသည် တရုတ်-မြန်မာ ဆက်ဆံရေး၌ ပါဝင်နေသော သက်ဆိုင်သူအဖွဲ့အစည်းများ၏ မူဝါဒများချမှတ်ခြင်းနှင့် လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။ ■

# စစ်တမ်းကောက်ယူပုံ နည်းစနစ်

ISP-Myanmar က ပြုလုပ်ခဲ့သော သုတေသနစစ်တမ်းတွင် ကိန်းဂဏန်းအခြေပြု လေ့လာဆန်းစစ်မှုနည်းစနစ်ကို အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော်ခဲ့သည်။ ပထမ အဆင့်အားဖြင့် ကနဦးပြင်ဆင်မှုနှင့် ရွေးချယ်မှု မူဘောင်သတ်မှတ်ခြင်း (Pre-survey Preparation and Constructing the Sampling Frame)၊ ရွေးချယ်ထားသော ပုဂ္ဂိုလ်များ၏ အချက်အလက်များကို စုဆောင်းခြင်း၊ သုတေသနဆိုင်ရာ မေးခွန်းများ ပြုစုခြင်း၊ တွေ့ဆုံ မေးမြန်းမည့်သူများအား သင်တန်းပို့ချခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ဒုတိယအဆင့်တွင် သုတေသနဆန်းစစ်ချက်များအတွက် သာဓကယူအုပ်စုများအဖြစ် လျာထားသောပုဂ္ဂိုလ်များ နှင့်တွေ့ဆုံမေးမြန်းခြင်းများ (Conducting Survey Interviews) ဆောင်ရွက်ခဲ့ပြီး တတိယ အဆင့်၌ ရရှိလာသော အချက်အလက်များကို ထည့်သွင်းခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆန်းစစ် ခြင်းနှင့် အစီရင်ခံစာရေးသားခြင်းများ (Data Analysis and Writing) ပါဝင်ခဲ့သည်။

ကနဦးပြင်ဆင်မှုနှင့်ရွေးချယ်မှု မူဘောင်သတ်မှတ်ခြင်းအဆင့်တွင် ISP-Myanmar နှင့် PACE တို့သည် သုတေသနဆန်းစစ်ချက်များအတွက် မျှော်မှန်းချက်များ ချမှတ်ခြင်း၊ ဆန်းစစ်ချက်နည်းနာများ ဆုံးဖြတ်ခြင်း၊ စစ်တမ်းအတွက် မေးခွန်းများ ပြင်ဆင်ခြင်းတို့ကို ပူးတွဲလုပ်ဆောင်ခဲ့သည်။ ထို့နောက် စစ်တမ်းမေးမြန်းရန် သာဓကယူအုပ်စု (Sample Population) အတွက် ရွေးချယ်မှု မူဘောင် (Sampling Frame) သတ်မှတ်ပြီး ပါဝင်မည့်ပုဂ္ဂိုလ် များကို သရုပ်ခွဲသည်။ ထိုအဆင့်တွင် မြန်မာ့မူဝါဒအသိုက်အဝန်းမှ ထင်ပေါ်ကျော်ကြား သောပုဂ္ဂိုလ်များနှင့် သီးသန့်တွေ့ဆုံခြင်း၊ နိုင်ငံရေးပါတီများ၊ လူထုအခြေပြုအဖွဲ့အစည်းများ နှင့် စီးပွားရေးကဏ္ဍအသီးသီးမှ အရေးပါသူများနှင့် အကြိမ် ၂၀ ကျော်ထက်မနည်းကို အွန် လိုင်းမှတဆင့် တွေ့ဆုံမှုများ ပြုလုပ်ခဲ့သည်။ ထိုတွေ့ဆုံမှုများတွင် ဘက်အသီးသီးမှ လူပုဂ္ဂိုလ် ၃၀ ကျော် ပါဝင်ခဲ့ပါသည်။

ယခုစစ်တမ်းတွင် ဖြေဆိုမည့်ပုဂ္ဂိုလ်များသည် တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ဆက်ဆံ ရေးကို အတိုင်းအတာတခုအထိ ရင်းနှီးကျွမ်းဝင်ရန် လိုအပ်သောကြောင့် သာဓကယူ အုပ်စုသတ်မှတ်ရာ၌ ပုံမှန်စစ်တမ်းများကဲ့သို့ ကျပန်းနည်းအားဖြင့် သတ်မှတ်ရန် မဖြစ်နိုင် ပေ။ ထို့ကြောင့် စစ်တမ်းတွင် ပါဝင်မည့်ပုဂ္ဂိုလ်များကို သရုပ်ခွဲရာတွင် ရည်ရွယ်ချက်ထား ရွေးချယ်ကောက်ယူနည်း (Purposive Sampling) ကို ISP-Myanmar က အသုံးပြုခဲ့ပြီး တရုတ်-မြန်မာဆက်ဆံရေး၌ အဓိကကျသည့် ကဏ္ဍအသီးသီးတွင် ၎င်းတို့၏ ခေါင်းဆောင်မှု၊ မူဝါဒရေးရာအရ လွှမ်းမိုးနိုင်မှုတို့အပေါ် မူတည်၍ ရွေးချယ်ခဲ့သည်။ တွေ့ဆုံမေးမြန်းရမည့် ပုဂ္ဂိုလ်များကို ရွေးချယ်မှုမူဘောင်ဖြင့် သတ်မှတ်ရာ၌ ကနဦးတွင် ၃၄၀ ဦးကို ရွေးချယ်ခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကြောင့် ဆန်းစစ်ချက် တွင် အဆိုပါပုဂ္ဂိုလ်များ အားလုံးပါဝင်ရန် အခြေအနေမပေးခဲ့ချေ။ ထို့ကြောင့် တွေ့ဆုံမေးမြန်း ရမည့်ပုဂ္ဂိုလ်များကို စံသတ်မှတ်ချက်များနှင့်အညီ ထပ်မံရွေးချယ်ခဲ့ပြီး **စုစုပေါင်း ၅၀၁ ဦး**ကို ချဉ်းကပ်ခဲ့ပါသည်။

## စံသတ်မှတ်ချက်များဖြင့် ရွေးခဲ့သော အသိုက်အဝန်းလေးခုမှ လူဦးရေနှင့် ရာခိုင်နှုန်း

| အသိုက်အဝန်း | ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| အရပ်ဘက်အဖွဲ့အစည်းများ | ၂၁၂ | ၄၂ % |
| နိုင်ငံရေးပါတီများ | ၄၇ | ၉ % |
| စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ | ၁၂၅ | ၂၅ % |
| နယ်ပယ်အသီးသီးမှ ထင်ရှားသူများနှင့် EAOs များ | ၁၁၇ | ၂၃ % |
| **စုစုပေါင်း** | **၅၀၁** | **၁၀၀ %** |

ထိုသို့ရွေးချယ်ရာ၌ တရုတ်-မြန်မာဆက်ဆံရေးတွင် အဓိက ပါဝင်ပတ်သက်နေသော သက်ဆိုင်ရာ လူမှုအသိုက်အဝန်းလေးခုကို ရွေးချယ်ခဲ့သည်။ ယင်းတို့မှာ (၁) နိုင်ငံရေးပါတီများ၊ (၂) အရပ်ဘက်အဖွဲ့အစည်းများ၊ (၃) စီးပွားရေးလုပ်ငန်းများနှင့် (၄) ထင်ရှားကျော်ကြား လူသိများသော အသိပညာရှင်၊ အတတ်ပညာရှင်၊ တက်ကြွလှုပ်ရှားသူ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs) နှင့် လူမှုရေး၊ ဘာသာရေးနယ်ပယ်မှ ဩဇာရှိသူများလည်း ပါဝင်ကြပါသည်။ ထိုသို့ရွေးချယ်ထားသည့် ပုဂ္ဂိုလ်တဦးချင်း၊ အဖွဲ့အစည်းတခုချင်းစီ၏ (တရုတ်-မြန်မာဆက်ဆံရေး၌ အရေးပါသော ကိစ္စရပ်များအပေါ်) ကျွမ်းကျင်မှု၊ တတ်သိမှု၊ ပတ်သက်ပါဝင်မှု၊ မူဝါဒရေးရာ၊ ပထဝီရေးရာအရေးပါမှုနှင့် တရုတ်-မြန်မာမူဝါဒရေးရာကိစ္စရပ်များအပေါ်လွှမ်းမိုးမှုတို့ကိုလည်း အကြံပြုချက်များရယူကာ ဆုံးဖြတ်ခဲ့ပါသည်။

ထိုအသိုက်အဝန်းလေးခုအနက် နိုင်ငံရေးပါတီများကို ရွေးချယ်သတ်မှတ်ရာ၌ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲများတွင်(လွှတ်တော်အသီးသီး၌) အနိုင်ရရှိထားသော နိုင်ငံရေးပါတီများနှင့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) ဖြတ်သန်းရာ အဓိကဒေသများဖြစ်သော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အခြေစိုက်လှုပ်ရှားနေသည့် **နိုင်ငံရေးပါတီ ၄၇ ပါတီ**လည်း ပါဝင်သည်။

အရပ်ဘက်အဖွဲ့အစည်းများကို ရွေးချယ်သတ်မှတ်ရာတွင် တရုတ်-မြန်မာဆက်ဆံရေးနှင့်ဆက်စပ်ပြီး သုတေသနလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် မြေယာအရေး၊ တရုတ်စီမံကိန်းများနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်းများနှင့် ဒေသခံပြည်သူလူထု၏အခွင့်အရေးများဆိုင်ရာကိစ္စများကို လုပ်ဆောင်နေသည့် **အရပ်ဘက်အဖွဲ့အစည်းများမှ လူပုဂ္ဂိုလ် ၂၁၂ ဦး** ကို ရွေးချယ်ခဲ့သည်။

စီးပွားရေးအသင်း၊ အဖွဲ့အစည်းများကို ရွေးချယ်ရာတွင် စီးပွားရေးအရ တရုတ်နှင့် ပတ်သက်ဆက်စပ်နေသော (အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးလုပ်ငန်းများတွင် ပါဝင်နေသည့်) တရုတ်-မြန်မာစီးပွားရေးစင်္ကြံတွင် တိုက်ရိုက်ပါဝင်ပတ်သက်သည့် **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ ၁၂၅ ခု** ကို ရွေးချယ်ခဲ့သည်။ ထိုသို့ရွေးချယ်ရာတွင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ ရရှိသော စာရင်းအချက်အလက်များအပေါ် အခြေခံပါသည်။

ထို့အပြင် တရုတ်-မြန်မာဆက်ဆံရေးနှင့်ပတ်သက်၍ သုတေသနပြုလုပ်နေသူများ၊ မူဝါဒရေးရာကိစ္စရပ်များတွင် လွှမ်းမိုးနိုင်သော ထင်ရှားသည့် **အသိပညာရှင် အတတ်ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAOs) နှင့် လူမှုရေး၊ ဘာသာရေးနယ်ပယ်မှ သြဇာကြီးသူများပါဝင်သည့် လူပုဂ္ဂိုလ် ၁၁၇ ဦး**ကိုလည်း တွေ့ဆုံမေးမြန်းရမည့် စာရင်း၌ ထည့်သွင်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ ကဏ္ဍာအသီးသီးတွင် တရုတ်နိုင်ငံ၏ပါဝင်မှုကို ဆန်းစစ်ရာ၌ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ ဖြတ်သန်းသွားသော ဒေသများ၊ တရုတ်နိုင်ငံနှင့် စီးပွားရေးအရ ဆက်ဆံရေးလုပ်ဆောင်မှု အများဆုံးဒေသများ၊ တရုတ်နိုင်ငံ၏ မဟာဗျူဟာ စီမံကိန်းကြီးများရှိရာ ဒေသများမှ ပုဂ္ဂိုလ်များကိုလည်း အထူးပြု ရွေးချယ်ထားသောကြောင့် ပထဝီရေးရာသရုပ်ခွဲမှုမှာ အချိုးကျမည်မဟုတ်ချေ။

စစ်တမ်းအတွက် မေးမြန်းရန် ရွေးချယ်ရာတွင်လည်း ကျား၊ မအချိုးအဆ မျှတမှုရှိစေရန် အလေးထား ပြင်ဆင်ခဲ့ပါသည်။ သို့သော် ISP-Myanmar ၏ စံသတ်မှတ်ချက်ဖြင့် ရွေးချယ်ခဲ့သောအုပ်စုများမှ ဦးဆောင်သူများမှာ အမျိုးသားအများစုဖြစ်နေခြင်း၊ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထွက်ပြေးတိမ်းရှောင်နေရသူများထဲတွင် မူဝါဒချမှတ်မှုဆိုင်ရာနယ်ပယ်မှ အမျိုးသမီးများလည်း ပါဝင်နေသဖြင့် စစ်တမ်းဖြေဆိုသူများ၏ ကျား၊ မ အချိုးအစားသည်လည်း ညီမျှခြင်းမရှိခဲ့ပါ။ စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများထဲတွင် **အမျိုးသား ၁၆၆ ဦး (၇၇ ဒသမ ၂ ရာခိုင်နှုန်း)** ပါဝင်ခဲ့ပြီး၊ **အမျိုးသမီး ၄၉ ဦး (၂၂ ဒသမ ၈ ရာခိုင်နှုန်း)** ဖြစ်ပါသည်။

- **စစ်တမ်းဖြေဆိုခဲ့သော ကျား၊ မ အရေအတွက်**



### စစ်တမ်းဖြေဆိုခဲ့သော အသက်အပိုင်းအခြား




စစ်တမ်းဖြေဆိုခဲ့သည့် အသက်အရွယ် အပိုင်းအခြားတွင် ထက်ဝက်ခန့်မှာ အသက် ၅၀ နှင့်အထက် ဖြစ်ကြပါသည်။

ဘက်လိုက်မှုကင်းပြီး တိကျသောမေးမြန်းမှုများ ဖြစ်စေရန်၊ စစ်အာဏာသိမ်းမှု နောက်ဆက်တွဲအခြေအနေနှင့် ကျန်းမာရေးကပ်ဘေးကြောင့် ကြုံတွေ့ရနိုင်သည့် မထင်မှတ်သောအန္တရာယ်များကို ရှောင်ရှားနိုင်ရန် ပြင်ဆင်ခဲ့ပါသည်။ စစ်တမ်းအတွက် တာဝန်ယူမေးမြန်းမည့် အချက်အလက်ကောက်ယူသူ(Enumerators) များနှင့် ကြီးကြပ်သူ(Supervisors) များ လိုက်နာရမည့် အချက်အလက်ကောက်ယူသူ လက်စွဲစာစောင်ကိုလည်း ပြုစုခဲ့ပြီး၊ ၎င်းအပြင် စစ်တမ်းကောက်ယူသူ ၁၁ ဦးကိုလည်း စစ်တမ်းမလုပ်မီ လူတွေ့သင်တန်း ပို့ချပေးခဲ့ပါသည်။

ဒုတိယအဆင့်အနေဖြင့် သုတေသနဆန်းစစ်ချက်များအတွက် တွေ့ဆုံမေးမြန်းခြင်းများကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ မတ် ၁၂ ရက်နေ့အထိ ဆောင်ရွက်ခဲ့သည်။ ISP-Myanmar အနေဖြင့် ရွေးချယ်ထားသည့် **အသိုက်အဝန်းလေးခု**မှ ကနဦး စံသတ်မှတ် ထုတ်နုတ်ထားသည့် **၅၀၁ ဦးအနက် ၂၁၅ ဦး**ကို တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါသည်။ ထိုအထဲတွင် ၇ ဒသမ ၉ ရာခိုင်နှုန်းသည် နိုင်ငံရေးပါတီများဖြစ်ပြီး၊ ၄၇ ရာခိုင်နှုန်းသည် အရပ်ဘက် အဖွဲ့အစည်းများမှ ဖြစ်ပါသည်။ ၁၈ ဒသမ ၆ ရာခိုင်နှုန်းမှာ စီးပွားရေးအသင်း၊ အဖွဲ့အစည်းများမှ ဖြစ်ပြီး၊ ကျန်ရှိသော ၂၆ ဒသမ ၅ ရာခိုင်နှုန်းသည် မူဝါဒရေးရာကိစ္စများတွင် လွှမ်းမိုးနိုင်သော အသိပညာရှင် အတတ်ပညာရှင်များ၊ တက်ကြွလှုပ်ရှားသူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ(EAOs) နှင့် လူမှုရေး၊ ဘာသာရေးနယ်ပယ်မှ သြဇာကြီးသူများ ဖြစ်ပါသည်။

## ■ တွေ့ဆုံမေးမြန်းခွင့်ရခဲ့သော အသိုက်အဝန်းလေးခုမှ လူဦးရေနှင့် ရာခိုင်နှုန်း

| အသိုက်အဝန်း | ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| အရပ်ဘက်အဖွဲ့အစည်းများ | ၁၀၁ | ၄၇ % |
| နိုင်ငံရေးပါတီများ | ၁၇ | ၇.၉ % |
| စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ | ၄၀ | ၁၈.၆ % |
| နယ်ပယ်အသီးသီးမှ ထင်ရှားသူများနှင့် EAOs များ | ၅၇ | ၂၆.၅ % |
| **စုစုပေါင်း** | **၂၁၅** | **၁၀၀ %** |

စစ်တမ်းကောက်ယူရာတွင် လူကိုယ်တိုင် တွေ့ဆုံမေးမြန်းခြင်းကိုသာ လုပ်ဆောင်ရန် မူလက ဆုံးဖြတ်ခဲ့သော်လည်း စစ်အာဏာသိမ်းမှု နောက်ဆက်တွဲအခြေအနေနှင့် ကိုဗစ်ကပ်ရောဂါကူးစက်မှု အခြေအနေများကြောင့် အွန်လိုင်းအခြေပြု Zoom ပလက်ဖောင်းကို အသုံးပြုပြီး မေးမြန်းရန် ပြောင်းလဲလုပ်ဆောင်ခဲ့ရသည်။ Zoom မှတဆင့် အချိန်မပေးနိုင်သူများကိုမူ Google Form မှတဆင့်ဖြေဆိုရန် ခွင့်တောင်းခဲ့ရပါသည်။ **စစ်တမ်းဖြေဆိုသူ ၂၁၅ ဦးတွင် ၁၈၇ ဦး Zoom မှတဆင့် တွေ့ဆုံမေးမြန်းခဲ့ပြီး၊ ၂၈ ဦးက Google Form မှတဆင့် ဖြေဆိုခဲ့**ပါသည်။

တတိယအဆင့်တွင် ဖြေကြားချက်များအား အချက်အလက်ထည့်သွင်းခြင်း၊ စစ်ဆေးခြင်းနှင့် ဆန်းစစ်ပိုင်းခြားခြင်းတို့ကို ၂၀၂၂ ခုနှစ် မတ် ၁၃ ရက်မှ မတ် ၂၅ ရက်အထိ ပြုလုပ်ခဲ့သည်။ ရရှိလာသော ဖြေကြားချက်များကို ဒေတာရေးသွင်းခြင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းတို့အား ISP-Myanmar နှင့် PACE မှ အချက်အလက်ကောက်ယူသူများက နှစ်ကြိမ် ပြုလုပ်ခဲ့သည်။ ဖြေဆိုသူတဦးချင်း၏ ကုတ်နံပါတ်များ၊ ဖြေကြားချက် တခုချင်းစီကို နည်းပညာအသုံးပြု၍ ပြန်လည်စိစစ်ခြင်း၊ တိုက်ဆိုင်စစ်ဆေးခြင်းနှင့် မှားယွင်းမှုတစုံတရာ တွေ့ပါက အစအဆုံး ပြန်လည်စစ်ဆေးခြင်းအတွက် မူရင်းစာရွက်စာတမ်းများကို ပြန်စစ်ခြင်းဖြင့်လည်းကောင်း၊ နည်းပညာဆော့ဝဲလ်နှင့် ဖော်မြူလာများ အသုံးပြု၍သော်လည်းကောင်း ပြုလုပ်ခဲ့သည်။ ■

# သုတေသနကျင့်ဝတ်နှင့် လုပ်ငန်းစဉ်

စစ်တမ်းကောက်ယူခဲ့သော ကာလသည် အင်တာနက်နှင့် ဖုန်းလိုင်းများ ဖြတ်တောက်ခံရခြင်း၊ လျှပ်စစ်မီးပြတ်တောက်ခြင်း စသော အာဏာသိမ်းပြီး နောက်ဆက်တွဲလူနေမှုဘဝ အခက်အခဲများကို ရင်ဆိုင်နေရသည့်နည်းတူ အိုမီခရွန်မျိုးကွဲ ကိုဗစ်ကပ်ရောဂါ ကူးစက်ပြန့်နှံ့မှုကို ကြုံတွေ့နေရသည့်အချိန်လည်း ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံရေးနှင့်မူဝါဒအသိုက်အဝန်းမှ လူပ်ရှားတက်ကြွသူများမှာလည်း လုံခြုံရေးအခက်အခဲ ကြုံတွေ့နေရပြီး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းအတွက် ဖမ်းဆီးထိန်းသိမ်းခံရနိုင်သည့် အခြေအနေကိုလည်း ရင်ဆိုင်နေကြရသည်။ ထိုသို့သော ဘက်ပေါင်းစုံ အကဲဆတ်သည့် ကာလတခုဖြစ်သည့်အတွက် စစ်တမ်းကောက်ယူရာ၌ လိုက်နာရမည့် သုတေသနကျင့်ဝတ်များနှင့် လုပ်ငန်းစဉ်များကို လစ်ဟင်းမှုမရှိစေရန် အထူးချမှတ်ကျင့်သုံးခဲ့ပါသည်။

စစ်တမ်းနှင့်ပတ်သက်သော သုတေသနလုပ်ငန်းစဉ်အသေးစိတ်ကို ISP-Myanmar နှင့် PACE အဖွဲ့တို့ ပူးပေါင်းရေးဆွဲခဲ့ပါသည်။ ထိုသို့ရေးဆွဲရာတွင် ကောင်းမွန်သော သုတေသနကျင့်ထုံးအလေ့အထများဖြစ်စေရန်အလို့ငှာ ISP-Myanmar မှ သုတေသနကျင့်ဝတ်ဆန်းစစ်သည့် ဘုတ်အဖွဲ့က လိုအပ်ချက်များအပေါ် အခြေခံ၍ ပိုင်းခြားအတည်ပြုခဲ့ပါသည်။ အထူးသဖြင့် စစ်တမ်း၌ ပါဝင်ဖြေဆိုကြသူများ ကျရောက်နိုင်သည့် လုံခြုံရေးအန္တရာယ်၊ ပုဂ္ဂိုလ်ရေးအချက်အလက်နှင့် သတင်းအချက်အလက်များ ပေါက်ကြားနိုင်ခြင်း၊ အကျိုးစီးပွား ပဋိပက္ခများကြောင့် သုတေသနရလဒ်အပေါ် သက်ရောက်နိုင်ခြေစသည်တို့ကို ကြိုတင်တွက်ဆပြီး ဆိုးကျိုး နည်းနိုင်သမျှနည်းစေရန် စီမံဆောင်ရွက်ခြင်း ဖြစ်သည်။ ထို့အပြင် တကျော့ပြန်ပြန့်နှံ့လာသည့် အိုမီခရွန်မျိုးကွဲ ကိုဗစ်ရောဂါပိုးကြောင့် ဘေးထွက်ဆိုးကျိုး မဖြစ်စေရန်နှင့် ပါဝင်ဖြေဆိုကြသူများ၏ ကိုယ်စိတ်နှစ်ပါး စိတ်ချလုံခြုံမှုရစေရန် အထူးအလေးထားပြီး စစ်တမ်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခဲ့ပါသည်။

စစ်တမ်းကိုဖြေဆိုရာတွင် တဦးချင်းစီ၏ အတွေးအမြင်များကို လွတ်လပ်စွာ ဖော်ထုတ်နိုင်ရန် ဖြေဆိုသူတဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များနှင့် ဖြေဆိုမှုများကို အမည်နာမ ထုတ်ဖော်၍ ဖော်ပြခြင်းကို လုပ်ဆောင်မည်မဟုတ်ကြောင်း အာမခံချက်ပေးခဲ့သည်။ ထို့အပြင် တဦးချင်းစီ၏ ကိုယ်ရေးကိုယ်တာအချက်အလက်လုံခြုံမှုအား အထူးအလေးပေးကြောင်းကိုလည်း စစ်တမ်းဖြေဆိုရန် ခွင့်တောင်းစဉ်မှာပင် ကြိုတင်ပြောဆိုခဲ့ပါသည်။

အာဏာသိမ်းမှုနောက်ဆက်တွဲကြောင့် ဖြစ်ပေါ်နေသည့် လုံခြုံရေးအခြေအနေများအပေါ် အထူးဂရုပြု လုပ်ဆောင်ခဲ့သည့်အပြင် ကိုဗစ်ကူးစက်ခံရမှုကို ရှောင်ရှားနိုင်ရန် အန္တရာယ်လျှော့ချခြင်း (Threat reduction) လုပ်ငန်းစဉ်ကိုလည်း အလေးထား လုပ်ဆောင်ခဲ့ပါသည်။ စစ်တမ်းကောက်ယူမှု မလုပ်ခင်မှာပင် အချက်အလက်ကောက်ယူသူများ၊ ကြီးကြပ်သူများနှင့် သင်တန်းဆရာများ၌ ကိုဗစ်ပိုးကူးစက်ခံနေရခြင်း ရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ကြိုတင်ကာကွယ်ရန်အတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများကိုလည်း ပံ့ပိုးခဲ့သည်။

တဦးချင်းစီ၏ ခန္ဓာကိုယ်အပူချိန် တိုင်းတာခြင်း၊ ၎င်းနှင့် ၎င်း၏ မိသားစုဝင်များအကြားကိုဗစ်ကူးစက်ခံထားရမှု ရှိ၊ မရှိတို့အပေါ် တဦးချင်းအတွက် မှတ်တမ်းယူပြုစုခြင်းကို စစ်တမ်းကောက်ယူရန် ကြိုတင်ပြင်ဆင်သော သင်တန်းမစခင် ရက်သတ္တပတ်အကြာတွင် စတင်လုပ်ဆောင်ခဲ့သည်။ စစ်တမ်းကောက်ယူသည့်ကာလတွင်သာမက စစ်တမ်းကောက်ယူပြီးနောက်ပိုင်းအချက်အလက်ဖြည့်သွင်းခြင်းများ လုပ်ဆောင်ရာတွင်လည်း တဦးချင်းအတွက် သီးသန့်အခန်းများ ပြင်ဆင်ပေးခြင်းအပါအဝင် ကိုဗစ်ကူးစက်ခံရမှုမရှိစေရန် လိုအပ်သော လုပ်ဆောင်မှုများအတိုင်း လိုက်နာရန် စည်းကမ်းသတိပေးချက်များကိုလည်း ချမှတ်ခဲ့ပါသည်။ ■

# ထူးခြားသော တွေ့ရှိချက်များ

## တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

**ထူးခြားသောတွေ့ရှိချက်(၁)**

### အိမ်နီးချင်းကောင်းဟု ရှုမြင်ခြင်းမရှိ။




**၅၅%**

စစ်တမ်းဖြေကြားသူများအနက် အများစုဖြစ်သော ၅၅ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းဟု ရှုမြင်ခြင်းမရှိခဲ့ပေ။ သို့သော် တရုတ်နိုင်ငံကို အိမ်နီးချင်းကောင်းဟု ရှုမြင်သူ အရေအတွက်မှာလည်း ၄၀ ရာခိုင်နှုန်းဖြင့် မြန်မာ့မူဝါဒအသိုက်အဝန်းအကြား ကျယ်ကျယ်ပြန့်ပြန့် ရှိနေသေးသည်ကို တွေ့ရသည်။

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

**ထူးခြားသောတွေ့ရှိချက်(၂)**

## စီးပွားရေးအရလွှမ်းမိုးခံရမှုက အဓိကစိန်ခေါ်ချက်ဖြစ်နေ။




၃၉%

တရုတ်နိုင်ငံနှင့်ဆက်ဆံရေးတွင် အဓိက ရင်ဆိုင်နေရသော စိန်ခေါ်မှုသည် စီးပွားရေးအရ လွှမ်းမိုးခံရမှုဖြစ်သည်ဟု ဖြေဆိုသူ ၃၉ ရာခိုင်နှုန်းက ဆိုခဲ့သည်။ ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှုက အဓိက ရင်ဆိုင်နေရသည့် စိန်ခေါ်မှုဟုဖြေဆိုသူ ၃၁ ရာခိုင်နှုန်းက ယူဆခဲ့ပါသည်။

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

**ထူးခြားသောတွေ့ရှိချက်(၃)**

## အိန္ဒိယသမုဒ္ဒရာ၌ ပထဝီနိုင်ငံရေးအရ လွှမ်းမိုးနိုင်ရေး အကျိုးစီးပွား။




# ၄၆%

မြန်မာနှင့်ဆက်ဆံရေးတွင် တရုတ်နိုင်ငံ ရလိုသော အကျိုးစီးပွားသည် အိန္ဒိယသမုဒ္ဒရာ၌ ပထဝီနိုင်ငံရေးအရ လွှမ်းမိုးနိုင်ရေးဖြစ်သည်ဟု ဖြေဆိုသူ ၄၆ ရာခိုင်နှုန်းက ရွေးချယ်ခဲ့သည်။

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

### ထူးခြားသောတွေ့ရှိချက်(၄)

## အာဏာရှင်စနစ် ကျင့်သုံးသောနိုင်ငံအဖြစ် မြင်လိုကြောင်း ယူဆကြ။




**၅၅%**

မြန်မာကို အာဏာရှင်စနစ်ကျင့်သုံးသော နိုင်ငံအဖြစ် တရုတ်နိုင်ငံက မြင်ချင်သည်ဟု ယူဆကြသူ ၅၅ ရာခိုင်နှုန်းရှိပြီး၊ ဒီမိုကရေစီနိုင်ငံအဖြစ် လိုလားပါသည်ဟု ရွေးချယ်သူ ၁၅ ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ဖြေဆိုရန် ငြင်းဆန်သူ ၂၂ ရာခိုင်နှုန်း ရှိခဲ့သည်။

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

## ထူးခြားသောတွေ့ရှိချက်(၅)

## အကြီးမားဆုံးစီးပွားဖက် ဖြစ်နေခြင်းက စိုးရိမ်စရာဟု ရှုမြင်ကြ။




**၅၈%**

မြန်မာ၏ အကြီးမားဆုံး စီးပွားဖက်အဖြစ် တရုတ်နိုင်ငံရှိနေခြင်းသည် စိုးရိမ်စရာဖြစ်သည်ဟု ၅၈ ရာခိုင်နှုန်းက ဖြေဆိုခဲ့ပြီး၊ ကြိုဆိုစရာဖြစ်သည်ဟု ဖြေဆိုသူ ၂၆ ရာခိုင်နှုန်း ရှိခဲ့သည်။

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

### ထူးခြားသောတွေ့ရှိချက်(၆)

## နှစ်နိုင်ငံ စီးပွားဆက်ဆံရေး မည်သည့်အချိန် ပြန်ကောင်းလာမည်ကို မသိကြ။




**၂၄%**

ဖြေဆိုသူအများအနက် အများစုဖြစ်သော ၂၀ ရာခိုင်နှုန်းမှာ ၂၀၂၅ ခုနှစ် နောက်ပိုင်းမှသာ တရုတ်-မြန်မာ နှစ်နိုင်ငံစီးပွားဆက်ဆံရေး အခြေအနေ ပြန်လည်ကောင်းမွန်မည်ဟု ခန့်မှန်းသည်။ သို့သော် အများစုဖြစ်သည့် ၂၄ ရာခိုင်နှုန်းက မသိကြောင်း ဆိုခဲ့သည်။

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

### ထူးခြားသောတွေ့ရှိချက်(၇)

## စီးပွားရေးစင်္ကြံစီမံကိန်းက တရုတ်နိုင်ငံအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်။




**၈၃%**

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ စီမံကိန်းသည် တရုတ်နိုင်ငံအတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဟု ၈၃ ရာခိုင်နှုန်းက ဖြေဆိုခဲ့ပြီး၊ နှစ်ဦးနှစ်ဘက် ညီတူညီမျှ အကျိုးဖြစ်ထွန်းနိုင်သည်ဟု ဖြေဆိုခဲ့သူ ၁၂ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

**ထူးခြားသောတွေ့ရှိချက်(၈)**

## စီးပွားရေးစင်္ကြံစီမံကိန်းက ငြိမ်းချမ်းရေးအတွက် အကျိုးရှိစေမည်မဟုတ်။

စီးပွားရေးစင်္ကြံစီမံကိန်းက ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိသည်ဆိုသော အဆိုပြုချက်ကို လုံးဝ သဘောမတူသူ **၁၁ ရာခိုင်နှုန်း**နှင့် သဘောမတူသူ **၄၈ ရာခိုင်နှုန်း**၊ နှစ်ရပ်ပေါင်း **၅၉ ရာခိုင်နှုန်း** ရှိခဲ့သည်။



**၅၉%**

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းသည် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိစေမည် မဟုတ်ဟု ၅၉ ရာခိုင်နှုန်းက ဖြေဆိုခဲ့ပြီး၊ ၃၀ ရာခိုင်နှုန်းက ကောင်းမွန်သော အကျိုးသက်ရောက်မှု ရှိစေမည်ဟု ဖြေဆိုခဲ့သည်။

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

**ထူးခြားသောတွေ့ရှိချက်(၉)**

## တရုတ်နိုင်ငံထုတ် ကိုဗစ်ကာကွယ်ဆေးအပေါ် ယုံကြည်မှုနည်းပါး။




**၄၀%**

တရုတ်နိုင်ငံ၏ ကိုဗစ်ကာကွယ်ဆေးကို ယုံကြည်သည်ဟု ဖြေဆိုသူ ၂၆ ရာခိုင်နှုန်းရှိပြီး၊ မယုံကြည်ဟု ဖြေဆိုသူ ၃၀ ရာခိုင်နှုန်းရှိသည်။ ကြားနေသူ ၄၀ ရာခိုင်နှုန်း ရှိပါသည်။

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

**ထူးခြားသောတွေ့ရှိချက်(၁၀)**

## တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံ အတုယူလေ့လာစရာမဟုတ်။




၄၇%

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံသည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတုယူလေ့လာစရာ ပုံစံတခုဖြစ်သည်ဟု ပြောဆိုရေးသားနေကြခြင်းအပေါ် သဘောမတူကြောင်း ဖြေဆိုသူ ၄၇ ရာခိုင်နှုန်းရှိခဲ့ပြီး၊ ၄၅ ရာခိုင်နှုန်းက သဘောတူကြောင်း ဆိုခဲ့သည်။

တရုတ်-မြန်မာဆက်ဆံရေးအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ သဘောထားအမြင်စစ်တမ်း

**ထူးခြားသောတွေ့ရှိချက်(၁၁)**

## တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီသည် မြန်မာအတွက် အတုယူစရာမဟုတ်။




**၈၇%**

တရုတ်နိုင်ငံက ပြောဆိုနေသော တရုတ်နည်း တရုတ်ဟန် ဒီမိုကရေစီစနစ်မျိုးသည် မြန်မာအတွက်လည်း ကိုက်ညီသဖြင့် အတုယူ ကျင့်သုံးသင့်ကြောင်း ပြောဆိုရေးသားနေကြသည့် အပေါ် သဘောမတူကြောင်း မှတ်ချက်ပေးခဲ့သူ ၈၇ ရာခိုင်နှုန်း ရှိခဲ့ပါသည်။

# တွေ့ရှိချက်များ

# တရုတ်နိုင်ငံအပေါ် မြန်မာ့မူဝါဒအသိုက်အဝန်း၏ ယေဘုယျသဘောထားအမြင်

- **မေးခွန်း(၁)**

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အိမ်နီးချင်းကောင်း ဟုတ်၊ မဟုတ်။




မြန်မာ့မူဝါဒအသိုက်အဝန်းတွင် တရုတ်နိုင်ငံကို **အိမ်နီးချင်းကောင်း**ဟု မယူဆသူ (**မကောင်းပါ**နှင့် **လုံးဝမကောင်းပါ** နှစ်ရပ်ပေါင်း) **၅၅ ရာခိုင်နှုန်း** ရှိပြီး အိမ်နီးချင်းကောင်းဟုယူဆသူ (**ကောင်းပါသည်**နှင့် **အလွန်ကောင်းပါသည်** နှစ်ရပ်ပေါင်း) **၄၀ ရာခိုင်နှုန်း** ရှိခဲ့သည်။ ယေဘုယျအားဖြင့် **တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် မည်သည့်အတိုင်းအတာအထိ အိမ်နီးချင်းကောင်းဖြစ်သနည်း**ဟု မေးမြန်းရာတွင် ဖြေဆိုသူများအနက် **၄၂ ရာခိုင်နှုန်း**သည် **အိမ်နီးချင်းကောင်းမဟုတ်**ဟု ရှုမြင်ကြပြီး **အိမ်နီးချင်းကောင်းဖြစ်သည်ဟုရှုမြင်သူ ၃၈ ရာခိုင်နှုန်း** ရှိခဲ့ပါသည်။ ထို့အပြင် လုံးဝမကောင်းပါဟု ယူဆသူ **၁၃ ရာခိုင်နှုန်း** ရှိပါသည်။ အလွန်ကောင်းသော အိမ်နီးချင်းဖြစ်သည်ဟု မြင်သူနှင့် အိမ်နီးချင်းကောင်း ဟုတ်မဟုတ်ကို မသိပါဟုဖြေဆိုသူမှာ **နှစ်ရာခိုင်နှုန်းစီ** ရှိကြသည်။ မေးခွန်းကိုဖြေဆိုရန် ငြင်းဆန်သူ **သုံးရာခိုင်နှုန်း** ရှိသည်။

မေးခွန်း(၁)ကို မေးမြန်းရာတွင် **ယေဘုယျအားဖြင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် မည်သည့်အတိုင်းအတာအထိ အိမ်နီးချင်း နိုင်ငံကောင်းဖြစ်သည်ဆိုခြင်းကို အဆင့်သတ်မှတ်ပေးပါ**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝမကောင်းပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်ကောင်းသော အိမ်နီးချင်း'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

အသိုက်အဝန်းလေးခုအနက် တခုချင်းစီ၏ ယူဆချက်များကို ပိုင်းခြားကြည့်ရာ၌ အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၀ ရာခိုင်နှုန်း (လုံးဝမကောင်းပါနှင့် မကောင်းပါ) နှင့် နယ်ပယ်အသီးသီးမှ ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ၅၃ ရာခိုင်နှုန်း (လုံးဝမကောင်းပါနှင့် မကောင်းပါ)က အိမ်နီးချင်းကောင်းမဟုတ်ဟု ဖြေဆိုခဲ့ကြသည်။ **နိုင်ငံရေးပါတီများ၏ ၅၉ ရာခိုင်နှုန်း** (ကောင်းပါသည်) နှင့် **စီးပွားရေးလုပ်ငန်းရှင်များ၏ ၆၈ ရာခိုင်နှုန်း** (ကောင်းပါသည်နှင့် အလွန်ကောင်းပါသည်) က **အိမ်နီးချင်းကောင်း**ဟု ဖြေဆိုခဲ့ပါသည်။

**မေးခွန်း(၁) 'တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အိမ်နီးချင်းကောင်း ဟုတ်၊ မဟုတ်' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထား ယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝမကောင်းပါ | ၁၃% | ၂၀% | ၀% | ၈% | ၁၁% |
| မကောင်းပါ | ၄၂% | ၅၀% | ၃၅% | ၂၃% | ၄၂% |
| ကောင်းပါသည် | ၃၈% | ၂၅% | ၅၉% | ၆၀% | ၃၉% |
| အလွန်ကောင်းပါသည် | ၂% | ၁% | ၀% | ၈% | ၀% |
| မသိပါ | ၂% | ၁% | ၀% | ၀% | ၅% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၃% | ၆% | ၁% | ၃% |

- **မေးခွန်း(၂)**

တရုတ်-မြန်မာဆက်ဆံရေး၌ မြန်မာ ရင်ဆိုင်နေရသည့် စိန်ခေါ်မှု။




မှတ်ချက် - မေးခွန်းထဲတွင် ဖော်ပြခဲ့သော ယူဆချက်များ၌ **‘စိန်ခေါ်မှု တခုမှမရှိပါ’** နှင့် **‘ယဉ်ကျေးမှုနှင့် လူဦးရေအရ လွှမ်းမိုးခံရမှု’**တို့ ပါဝင်သော်လည်း ထိုနှစ်ခုကို စိန်ခေါ်မှုအဖြစ် ယူဆသူ တဦးမျှမရှိခဲ့ပေ။

တရုတ်-မြန်မာဆက်ဆံရေး၌ မြန်မာရင်ဆိုင်နေရသော စိန်ခေါ်မှုများထဲတွင် **အကြီးမားဆုံး**သည် **စီးပွားရေးအရ လွှမ်းမိုးခံရမှုနှင့် ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှုများ**ဖြစ်ကြောင်း ဖြေဆိုခဲ့ကြသည်။ **စီးပွားရေးအရ လွှမ်းမိုးခံရမှုဟု ဖြေဆိုသူ ၃၉ ရာခိုင်နှုန်း**ရှိပြီး **ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှုဟုယူဆသူ ၃၁ ရာခိုင်နှုန်း** ရှိသည်။ **လက်နက်ကိုင် ပဋိပက္ခများတွင် တရုတ်နိုင်ငံ၏ ဝင်ရောက်စွက်ဖက်မှု**ကို စိန်ခေါ်မှုအဖြစ် ယူဆသူမှာ တတိယအများဆုံးဖြစ်ပြီး **၁၉ ရာခိုင်နှုန်းခန့်** ရှိသည်။ လုံခြုံရေးကဏ္ဍ၌ တရုတ်နိုင်ငံ၏လွှမ်းမိုးမှုကို စိန်ခေါ်မှုဟု ဖြေဆိုသူ လေးရာခိုင်နှုန်းရှိပြီး **ယဉ်ကျေးမှုနှင့် လူဦးရေအရ လွှမ်းမိုးခံရမှုကို** စိန်ခေါ်မှုဟုရှုမြင်သူ တဦးမျှ မရှိသည်ကို တွေ့ရသည်။

မေးခွန်း(၂)ကို မေးမြန်းရာတွင် **တရုတ်-မြန်မာဆက်ဆံရေး၌ မြန်မာနိုင်ငံ ရင်ဆိုင်နေရသော စိန်ခေါ်မှုအချို့**ကို ဖတ်ပြခဲ့ပါသည်။ ထိုအထဲမှ အဓိက အကျဆုံးဟု ယူဆသော တခုကို ရွေးချယ်စေခဲ့ပါသည်။

## မေးခွန်း(၃)

တရုတ်-မြန်မာဆက်ဆံရေး၌ မြန်မာရရှိနေသော အဓိကအခွင့်အလမ်း။




တရုတ်နိုင်ငံနှင့်ဆက်ဆံရေး၌ မြန်မာနိုင်ငံ ရရှိနေသော အဓိကအခွင့်အလမ်းမှာ **စျေးကွက်ရရှိမှု**ဟု ယူဆသူသည် **၃၇ ရာခိုင်နှုန်းရှိပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**ဟုယူဆသူမှာ **၃၃ ရာခိုင်နှုန်း**ရှိသည်။ **အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်နိုင်မှု**ကို ရွေးချယ်သူ **ကိုးရာခိုင်နှုန်းသာ** ရှိပါသည်။ မြန်မာသည် တရုတ်နိုင်ငံမှ **မည်သည့်အခွင့်အလမ်းမှမရရှိ**ဟု ယူဆသူ **၁၁ ရာခိုင်နှုန်း** ရှိသည်။ **ဖွံ့ဖြိုးမှုအကူအညီ ရရှိနိုင်သည်**ဟု ယူဆသူ **လေးရာခိုင်နှုန်း** ရှိသည်။

မေးခွန်း(၃)ကို မေးမြန်းရာတွင် **တရုတ်-မြန်မာဆက်ဆံရေး၌ မြန်မာနိုင်ငံ အဓိကရရှိနေသော အခွင့်အလမ်းအချို့**ကို ဖတ်ပြခဲ့ပါသည်။ ထိုအထဲမှ အဓိက အကျဆုံးဟုယူဆသော တခုကို ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၃)ကို ဖြေဆိုရာ၌ ထူးခြားချက်မှာ **နိုင်ငံရေးပါတီများ၏ ၄၇ ရာခိုင်နှုန်း၊ အရပ်ဘက်အဖွဲ့အစည်းများ၏ ၄၀ ရာခိုင်နှုန်း**နှင့် **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ ၄၀ ရာခိုင်နှုန်း**တို့က တရုတ်နိုင်ငံနှင့်ဆက်ဆံရေးတွင် မြန်မာ အဓိကရသော အခွင့်အလမ်းမှာ **ဈေးကွက်ရရှိမှု** ဟု ယူဆကြသည်။ ထိုသို့ယူဆကြသည့် ကိန်းဂဏန်းများ ကွာခြားမှုမရှိသဖြင့် မြန်မာ့မူဝါဒအသိုက်အဝန်းရှိ အစုအဖွဲ့သုံးဖွဲ့၏ သဘောထားများ တူညီကြသည်ကို တွေ့ရသည်။ သို့သော် နယ်ပယ်အသီးသီးမှ ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ **၃၇ ရာခိုင်နှုန်း**သည် **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု**ကို အများဆုံး ရွေးချယ်ဖြေကြားခဲ့သည်။ **နည်းပညာလွှဲပြောင်းရယူနိုင်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကူအညီများ ရရှိနိုင်သည်ဟု ယူဆသူတစ်ရာခိုင်နှုန်းနှင့် လေးရာခိုင်နှုန်းသာရှိသည့်အတွက်** အုပ်စုအသီးသီး၏ ရွေးချယ်မှုရာခိုင်နှုန်း နှိုင်းယှဉ်ချက်များ သိသိသာသာ ကွာခြားမှုမရှိပေ။

- **မေးခွန်း(၃) 'တရုတ်-မြန်မာဆက်ဆံရေး၌ မြန်မာရရှိနေသော အဓိကအခွင့်အလမ်း'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထား ယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မည်သည့်အခွင့်အလမ်းမှ မရှိပါ | ၁၁% | ၁၅% | ၀% | ၈% | ၁၁% |
| ဈေးကွက်ရရှိနိုင်မှု | ၃၇% | ၄၀% | ၄၇% | ၄၀% | ၂၆% |
| နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | ၃၃% | ၃၂% | ၁၈% | ၃၈% | ၃၇% |
| နည်းပညာလွှဲပြောင်းရယူနိုင်မှု | ၁% | ၀% | ၆% | ၃% | ၀% |
| ဖွံ့ဖြိုးမှုအကူအညီရရှိနိုင်မှု | ၄% | ၄% | ၀% | ၃% | ၅% |
| အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်နိုင်မှု | ၉% | ၇% | ၁၂% | ၈% | ၁၂% |
| အခြား | ၁% | ၂% | ၀% | ၀% | ၂% |
| မသိပါ | ၃% | ၀% | ၁၂% | ၀% | ၅% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၅% | ၀% | ၂% |

## မေးခွန်း(၄)မှ (၁၃)အထိ

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း။

မှီခိုရန်မလိုပါ | မှီခိုနေရပါသည် | ကြားနေ | မသိပါ | ဖြေဆိုရန်ငြင်းဆန်

**မေးခွန်း(၄)** ကုန်သွယ်ရေး




**မေးခွန်း(၅)** ရင်းနှီးမြှုပ်နှံမှု




**မေးခွန်း(၆)** ငြိမ်းချမ်းရေးဖြစ်စဉ်




**မေးခွန်း(၇)** ဖွံ့ဖြိုးတိုးတက်ရေး




မေးခွန်း(၄)မှ(၁၃)ကို မေးမြန်းရာတွင် **မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မည်မျှအတိုင်းအတာအထိ မှီခိုနေရသနည်း**ကို အဆင့်သတ်မှတ်၍ ဖြေကြားပေးရန် ဖတ်ပြခဲ့ပါသည်။ အဆင့်'၁'သည် 'လုံးဝမှီခိုရန်မလိုပါ'ဖြစ်ပြီး၊ '၅'သည် 'အပြည့်အဝ မှီခိုနေရပါသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့သည်။

- **မေးခွန်း(၄)မှ (၁၃)အထိ**

မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း။

မှီခိုရန်မလိုပါ  မှီခိုနေရပါသည်  ကြားနေ  မသိပါ  ဖြေဆိုရန်ငြင်းဆန်

**မေးခွန်း(၈) နိုင်ငံရေး**




**မေးခွန်း(၉) ပညာရေး**




**မေးခွန်း(၁၀) ကျန်းမာရေး**




**မေးခွန်း(၁၁) နည်းပညာ**



**မေးခွန်း(၁၂)** လုံခြုံရေး




**မေးခွန်း(၁၃)** သံတမန်ရေး




■ မှီခိုရန်မလိုပါ ■ မှီခိုနေရပါသည် ■ ကြားနေ ■ မသိပါ ■ ဖြေဆိုရန်ငြင်းဆန်

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအပေါ် **ကုန်သွယ်ရေးအရ** မှီခိုနေရကြောင်း ယူဆသူမှာ **၆၇ ရာခိုင်နှုန်း**ဖြစ်ပြီး အများဆုံးဖြစ်သည်။ မှီခိုရန်မလိုဟုယူဆသူ ခြောက်ရာခိုင်နှုန်းသာ ရှိပါသည်။ **ရင်းနှီးမြှုပ်နှံမှု**ကဏ္ဍတွင် မှီခိုနေရသည်ဟု ယူဆသူ **၄၇ ရာခိုင်နှုန်း**ရှိပြီး ၁၂ ရာခိုင်နှုန်းကသာ မှီခိုရန်မလိုကြောင်း ဖြေဆိုကြသည်။ **ငြိမ်းချမ်းရေး**ဖြစ်စဉ်တွင် တရုတ်နိုင်ငံအပေါ် မှီခိုနေရသည်ဟု ယူဆသူ **၅၂ ရာခိုင်နှုန်း** ရှိပြီး မှီခိုရန်မလိုဟု ယူဆသူ ၁၂ ရာခိုင်နှုန်းရှိသည်။ **ဖွံ့ဖြိုးတိုးတက်ရေး**တွင်မူ မှီခိုရန်မလိုဟုဖြေကြားသူ အများဆုံးဖြစ်ပြီး **၃၆ ရာခိုင်နှုန်း**ရှိသည်။ ၂၃ ရာခိုင်နှုန်းကသာ မှီခိုနေရကြောင်း ဖြေကြားခဲ့သည်။ ကြားနေဦးရေမှာ အများဆုံးဖြစ်ပြီး ၄၀ ရာခိုင်နှုန်းရှိသည်။ **နိုင်ငံရေး**တွင်မူ တရုတ်နိုင်ငံအပေါ် မှီခိုနေရသည်ဟု ယူဆသူ **၅၁ ရာခိုင်နှုန်း**ရှိပြီး မှီခိုရန်မလိုဟုယူဆသူ ၂၀ ရာခိုင်နှုန်းသာရှိသည်။ **ကြားနေဖြေဆိုသူမှာ မှီခိုရန်မလိုဟု ယူဆသူထက်များပြီး ၂၄ ရာခိုင်နှုန်း** ရှိသည်။ **ပညာရေး**ကဏ္ဍတွင် တရုတ်နိုင်ငံအပေါ် **မှီခိုရန်မလိုအပ်**ကြောင်း အများဆုံးယူဆကြပြီး **၈၂ ရာခိုင်နှုန်း**ခန့်ရှိသည်။ မှီခိုနေရကြောင်းဖြေသူ နှစ်ရာခိုင်နှုန်းသာရှိသည်။ **ကျန်းမာရေး**ကဏ္ဍတွင် တရုတ်နိုင်ငံအပေါ် **မှီခိုရန်မလို**ဟုယူဆသူ **၆၂ ရာခိုင်နှုန်း** ရှိနေသည်ကို တွေ့ရသည်။ မှီခိုနေရသည်ဟုယူဆသူ ၁၄ ရာခိုင်နှုန်းရှိပြီး ကြားနေသူ ၂၃ ရာခိုင်နှုန်းခန့်ရှိသည်။ **နည်းပညာ**ကဏ္ဍတွင် **မှီခိုရန်မလိုအပ်**ကြောင်းယူဆသူနှင့် ကြားနေသူ **၃၆ ရာခိုင်နှုန်း**စီရှိပြီး မှီခိုနေရသည်ဟု ယူဆသူ ၂၅ ရာခိုင်နှုန်းရှိသည်။ **လုံခြုံရေး**ကဏ္ဍတွင် မှီခိုနေရကြောင်း ယူဆသူ **၃၈ ရာခိုင်နှုန်း**ရှိပြီး မှီခိုရန်မလိုအပ်ကြောင်း ယူဆသူမှာ ၂၈ ရာခိုင်နှုန်းရှိသည်။ **သံတမန်ရေး**တွင်မူ မှီခိုနေရသည်ဟုဖြေဆိုသူ **၅၄ ရာခိုင်နှုန်း** ရှိသည်။ မှီခိုရန်မလိုကြောင်းဖြေဆိုသူ ၁၁ ရာခိုင်နှုန်းသာ ရှိသည်။

### ■ မေးခွန်း(၄) ကုန်သွယ်ရေး၌ 'မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထား ယူဆချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မှီခိုရန်မလို | ၆% | ၇% | ၆% | ၅% | ၄% |
| ကြားနေ | ၂၇% | ၃၀% | ၁၈% | ၁၈% | ၃၃% |
| မှီခိုနေရပါသည် | ၆၇% | ၆၂% | ၇၆% | ၇၇% | ၆၃% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၀% |

### ■ မေးခွန်း(၅) ရင်းနှီးမြှုပ်နှံမှု၌ 'မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထား ယူဆချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မှီခိုရန်မလို | ၁၂% | ၁၅% | ၆% | ၁၃% | ၇% |
| ကြားနေ | ၄၀% | ၄၀% | ၅၃% | ၄၃% | ၃၅% |
| မှီခိုနေရပါသည် | ၄၇% | ၄၅% | ၄၁% | ၄၃% | ၅၆% |
| မသိပါ | ၁% | ၀% | ၀% | ၁% | ၂% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၀% |

### ■ မေးခွန်း(၆) ငြိမ်းချမ်းရေး၌ 'မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထား ယူဆချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မှီခိုရန်မလို | ၁၂% | ၁၀% | ၂၄% | ၁၃% | ၁၃% |
| ကြားနေ | ၃၃% | ၃၂% | ၄၁% | ၂၅% | ၄၀% |
| မှီခိုနေရပါသည် | ၅၂% | ၅၇% | ၃၅% | ၅၀% | ၄၇% |
| မသိပါ | ၂% | ၁% | ၀% | ၅% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၀% | ၇% | ၀% |

**မေးခွန်း(၇) ဖွံ့ဖြိုးတိုးတက်ရေး၌ ‘မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း’ အပေါ် အသိုက်အဝန်းလေးခု၏ သဘောထား ယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးပါတီများ | စီးပွားရေးအသင်းအဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မှီခိုရန်မလို | ၃၆% | ၄၈% | ၃၅% | ၁၈% | ၂၆% |
| ကြားနေ | ၄၀% | ၃၃% | ၃၅% | ၄၃% | ၅၁% |
| မှီခိုနေရပါသည် | ၂၃% | ၁၉% | ၂၄% | ၃၉% | ၁၈% |
| မသိပါ | ၁% | ၀% | ၆% | ၀% | ၄% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၁% |

**မေးခွန်း(၈) နိုင်ငံရေး၌ ‘မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း’ အပေါ် အသိုက်အဝန်းလေးခု၏ သဘောထား ယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးပါတီများ | စီးပွားရေးအသင်းအဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မှီခိုရန်မလို | ၂၀% | ၁၉% | ၅၃% | ၁၅% | ၁၄% |
| ကြားနေ | ၂၄% | ၂၅% | ၂၄% | ၁၈% | ၂၆% |
| မှီခိုနေရပါသည် | ၅၁% | ၅၄% | ၁၂% | ၅၃% | ၅၆% |
| မသိပါ | ၃% | ၂% | ၁၁% | ၇% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၀% | ၇% | ၄% |

**မေးခွန်း(၁၂) လုံခြုံရေး၌ ‘မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မည်မျှမှီခိုနေရသနည်း’ အပေါ် အသိုက်အဝန်းလေးခု၏ သဘောထား ယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက်အဖွဲ့အစည်းများ | နိုင်ငံရေးပါတီများ | စီးပွားရေးအသင်းအဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မှီခိုရန်မလို | ၂၈% | ၃၈% | ၄၇% | ၂၃% | ၁၁% |
| ကြားနေ | ၂၇% | ၂၄% | ၂၄% | ၂၃% | ၃၇% |
| မှီခိုနေရပါသည် | ၃၈% | ၃၆% | ၂၉% | ၃၈% | ၄၆% |
| မသိပါ | ၃% | ၂% | ၀% | ၄% | ၃% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၀% | ၀% | ၁၂% | ၃% |

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

တရုတ်နိုင်ငံအပေါ် မှီခိုမှုကို အစုအဖွဲ့အလိုက်အမြင်များအား ပိုင်းခြားရာ၌ **ရင်းနှီးမြှုပ်နှံမှု**တွင် **ကွဲလွဲမှုမရှိ**ပေ။ ရင်းနှီးမြှုပ်နှံမှုတွင် တရုတ်နိုင်ငံအပေါ် မှီခိုနေရသည်ဟု ယူဆသူ **၄၇ ရာခိုင်နှုန်းရှိပြီး၊ ကြားနေ ၄၀ ရာခိုင်နှုန်း** ရှိနေသည်။ **ငြိမ်းချမ်းရေး**ဖြစ်စဉ်၌ တရုတ်နိုင်ငံအပေါ် မှီခိုနေရသည်ဟုယူဆသူ အများဆုံးဖြစ်သော်လည်း အစုအဖွဲ့တခုချင်းစီကို ဆန်းစစ်ကြည့်သည့်အခါ **ကြားနေ**ရာခိုင်နှုန်းတွင် **နိုင်ငံရေးပါတီများ၏ ၄၁ ရာခိုင်နှုန်း**၊ နယ်ပယ်အသီးသီးမှ ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ ၄၀ ရာခိုင်နှုန်းတို့က အများဆုံးဖြစ်သည်။ **နိုင်ငံရေး**တွင် တရုတ်နိုင်ငံကို **မှီခိုရန်မလို**ဟု ယူဆသည့် အစုအဖွဲ့မှာ **နိုင်ငံရေးပါတီများ**ဖြစ်ပြီး **၅၃ ရာခိုင်နှုန်း**ဖြင့် အများဆုံးဖြစ်သည်။ ထင်ရှားသူများနှင့် EAOs များ၏ ၄၆ ရာခိုင်နှုန်းက လုံခြုံရေးကဏ္ဍ၌ တရုတ်နိုင်ငံအပေါ် မှီခိုနေရကြောင်း ဖြေကြားခဲ့သည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ ၃၈ ရာခိုင်နှုန်းနှင့် နိုင်ငံရေးပါတီများ၏ ၄၇ ရာခိုင်နှုန်းက လုံခြုံရေးကဏ္ဍတွင် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပေါ် မှီခိုရန်မလိုကြောင်း သဘောထားပေးခဲ့သည်။ **ကုန်သွယ်ရေး**ကဏ္ဍတွင် တရုတ်နိုင်ငံကို မှီခိုနေရသည်ဟု **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ**၏ **၇၇ ရာခိုင်နှုန်း**နှင့် **နိုင်ငံရေးပါတီ**များ၏ **၇၆ ရာခိုင်နှုန်း**တို့က အများဆုံးဖြေကြားခဲ့သည်။ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် တရုတ်နိုင်ငံကို မှီခိုရန်မလိုဟု အရပ်ဘက်အဖွဲ့အစည်းများ၏ ၄၈ ရာခိုင်နှုန်းက ဖြေဆိုခဲ့ကြပြီး **နိုင်ငံရေးပါတီ**များကမူ တရုတ်နိုင်ငံအပေါ် မှီခိုရန်မလိုကြောင်း **ယူဆသူ**နှင့် **ကြားနေသူ ၃၅ ရာခိုင်နှုန်း**စီ ရှိခဲ့ကြသည်။

## • မေးခွန်း(၁၄)

မြန်မာနှင့်ဆက်ဆံရေးတွင် တရုတ်နိုင်ငံဘက်က ရလိုသော အကျိုးစီးပွား။




မှတ်ချက် - မေးခွန်းထဲတွင်ဖော်ပြခဲ့သော အကျိုးစီးပွားများ၌ **'မည်သည့်အကျိုးစီးပွားမှ မရှိပါ'** နှင့် **'အာဆီယံတွင် မဟာမိတ်ရရှိရေး'** တို့ ပါဝင်သော်လည်း ထိုနှစ်ခုကို ဖြေကြားသူ တဦးမျှမရှိခဲ့ပေ။ ထို့အတူ ယခုမေးခွန်းအား **'ဖြေဆိုရန်ငြင်းဆန်'** သူလည်း မရှိပါ။

မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင် တရုတ်နိုင်ငံဘက်က ရလိုသော အကျိုးစီးပွားကို မေးမြန်းရာ၌ **အိန္ဒိယသမုဒ္ဒရာတွင် ပထဝီနိုင်ငံရေးအရ လွှမ်းမိုးမှုရရှိရေး**ကို အများဆုံးရွေးချယ်ကြပြီး **၄၆ ရာခိုင်နှုန်း**ရှိသည်။ **မြန်မာနိုင်ငံမှ သယံဇာတအရင်းမြစ်များရရှိရေး**ကို ဖြေဆိုသူမှာ ဒုတိယအများဆုံးဖြစ်ပြီး **၂၈ ရာခိုင်နှုန်း**ခန့်ရှိသည်။ **ယူနန်ပြည်နယ် ရေကြောင်းထွက်ပေါက်ရရှိရေး** အတွက်ဟု ဖြေဆိုသူ **၁၆ ရာခိုင်နှုန်း**ခန့်ရှိပြီး တရုတ်နိုင်ငံ၏ အခြေခံစက်မှုလုပ်ငန်းများအတွက် ဈေးကွက်ချဲ့ထွင်လိုခြင်းဟု ယူဆသူ လေးရာခိုင်နှုန်းခန့် ရှိပါသည်။

မေးခွန်း(၁၄)ကို မေးမြန်းရာ၌ **မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင် တရုတ်နိုင်ငံက ရလိုသော အကျိုးစီးပွားအချို့**ကို ဖတ်ပြခဲ့ပါသည်။ ထိုအထဲမှ အဓိက အကျဆုံးဟုယူဆသော တခုကို ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၁၄)ကို ဖြေဆိုကြသည့် အစုအဖွဲ့အလိုက် အမြင်များကို ပိုင်းခြားရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် **အိန္ဒိယသမုဒ္ဒရာတွင် ပထဝီနိုင်ငံရေးအရ လွှမ်းမိုးမှုရရှိရေးမှာ တရုတ်နိုင်ငံဘက်က အဓိကရလိုသော အကျိုးစီးပွားဖြစ်ကြောင်း အများဆုံးဖြေဆိုခဲ့သည်။** ၎င်းတို့၏ ဖြေဆိုချက်များသည် ၄၉ ရာခိုင်နှုန်းဖြင့် တူညီကြသည်။ နိုင်ငံရေးပါတီ၏ ၄၁ ရာခိုင်နှုန်းနှင့် စီးပွားရေးအသင်းများ၊ အဖွဲ့အစည်းများ၏ ၃၅ ရာခိုင်နှုန်းကလည်း ထိုသို့ယူဆကြပါသည်။ ထို့အတူ **'မြန်မာနိုင်ငံရှိ သယံဇာတအရင်းမြစ်များ ရရှိရေး'** ဆိုသည့်အချက်ကို အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ဒုတိယအများဆုံးအဖြစ် ဖြေခဲ့ကြသည်။ သို့သော် စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ ၃၃ ရာခိုင်နှုန်းကမူ **'ယူနန်ပြည်နယ် ရေကြောင်းထွက်ပေါက် ရရှိနိုင်ရေး'** ဆိုသည့်အချက်အား ဒုတိယအများဆုံး ဖြေခဲ့ပါသည်။

- **မေးခွန်း(၁၄) 'မြန်မာနိုင်ငံနှင့်ဆက်ဆံရေးတွင် တရုတ်နိုင်ငံဘက်က ရလိုသော အကျိုးစီးပွား'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထား ယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မည်သည့်အကျိုးစီးပွားမှ မရှိပါ | ၀% | ၀% | ၀% | ၀% | ၀% |
| ယူနန်ပြည်နယ် ရေကြောင်းထွက်ပေါက်ရရှိရေး | ၁၆% | ၁၀% | ၁၂% | ၃၃% | ၁၆% |
| အိန္ဒိယသမုဒ္ဒရာတွင် ပထဝီ နိုင်ငံရေးအရ လွှမ်းမိုးမှုရရှိရေး | ၄၆% | ၄၉% | ၄၁% | ၃၅% | ၄၉% |
| မြန်မာနိုင်ငံရှိ သယံဇာတအရင်းမြစ်များ ရရှိရေး | ၂၈% | ၃၂% | ၂၉% | ၂၅% | ၂၃% |
| အာဆီယံတွင် မဟာမိတ်ရရှိရေး | ၀% | ၀% | ၀% | ၀% | ၂% |
| တရုတ်အခြေခံစက်မှုလုပ်ငန်းများ အတွက် ဈေးကွက်ချဲ့ထွင်ခြင်း | ၄% | ၅% | ၆% | ၃% | ၂% |
| အခြား | ၁% | ၁% | ၀% | ၃% | ၂% |
| မသိပါ | ၅% | ၃% | ၁၂% | ၁% | ၆% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၀% |

# မြန်မာနိုင်ငံ၏
# နိုင်ငံရေးအကျပ်အတည်းတွင်
# တရုတ်နိုင်ငံ၏ ပါဝင်မှု

- **မေးခွန်း(၁၅)**

လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရာ၌ တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှအတိုင်းအတာအထိ အပြုသဘောဆောင်သနည်း။




လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း၌ တရုတ်နိုင်ငံ၏ပါဝင်မှုကို **အပြုသဘောမဆောင်**ဟု ယူဆသူမှာ **၅၄ ရာခိုင်နှုန်း** (လုံးဝ အပြုသဘောမဆောင်နှင့် အပြုသဘောမဆောင်)နှင့် **အပြုသဘောဆောင်**သည်ဟု ယူဆသူ **၄၀ ရာခိုင်နှုန်း** (အလွန်အပြုသဘောဆောင်နှင့် အပြုသဘောဆောင်) ရှိပါသည်။ အာဏာသိမ်းပြီးနောက်ပိုင်းဖြစ်လာသည့် မြန်မာ့နိုင်ငံရေး အကျပ်အတည်းကိုဖြေရှင်းရာ၌ တရုတ်နိုင်ငံ၏ပါဝင်မှုသည် **အပြုသဘောမဆောင်**ဟု ယူဆကြသည်။ ထိုသို့ဖြေဆိုသူ **၃၉ ရာခိုင်နှုန်း**ရှိပြီး အများဆုံးဖြစ်သည်။ အပြုသဘောဆောင်သည်ဟု ဖြေဆိုသူမှာ ၃၇ ရာခိုင်နှုန်းရှိပြီး လုံးဝ အပြုသဘောမဆောင်ပါဟု ယူဆသူ ၁၅ ရာခိုင်နှုန်း ရှိပါသည်။ ဖြေဆိုရန်ငြင်းဆန်သူ လေးရာခိုင်နှုန်းရှိပြီး မသိပါဟုဖြေဆိုသူ နှစ်ရာခိုင်နှုန်းရှိသည်။ အလွန် အပြုသဘောဆောင်ပါသည်ဟု ဖြေဆိုသူ သုံးရာခိုင်နှုန်းသာရှိသည်။

မေးခွန်း(၁၅)ကို မေးမြန်းရာတွင် **လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရာ၌ တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှအတိုင်းအတာအထိ အပြုသဘောဆောင်သနည်းကို အဆင့်သတ်မှတ်ပေးပါ**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝ အပြုသဘောမဆောင်ပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန် အပြုသဘောဆောင်ပါသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မူဝါဒအသိုက်အဝန်းအလိုက် ခွဲခြားကြည့်ပါက **အပြုသဘောမဆောင်**ဟု အရပ်ဘက်အဖွဲ့အစည်းများက **အများဆုံးယူဆ**ကြပြီး **ဖြေဆိုသူ ၇၃ ရာခိုင်နှုန်းကျော်** (လုံးဝ အပြုသဘောမဆောင်နှင့် အပြုသဘောမဆောင်) ရှိပါသည်။ **အပြုသဘောဆောင်ကြောင်း ယူဆသည့်အစုအဖွဲ့တွင် နိုင်ငံရေးပါတီများက အများဆုံးဖြစ်ပြီး ၈၈ ရာခိုင်နှုန်းကျော်** (အလွန် အပြုသဘောဆောင်နှင့် အပြုသဘောဆောင်) ရှိသည်။

- **မေးခွန်း(၁၅) 'လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရာ၌ တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှအတိုင်းအတာအထိ အပြုသဘောဆောင်သနည်း' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝ အပြုသဘော မဆောင်ပါ | ၁၅% | ၂၄% | ၀% | ၁၃% | ၇% |
| အပြုသဘော မဆောင်ပါ | ၃၉% | ၅၀% | ၁၂% | ၂၃% | ၄၀% |
| အပြုသဘော ဆောင်ပါသည် | ၃၇% | ၂၅% | ၈၂% | ၄၃% | ၄၂% |
| အလွန် အပြုသဘော ဆောင်ပါသည် | ၃% | ၁% | ၆% | ၁၀% | ၀% |
| မသိပါ | ၂% | ၀% | ၀% | ၃% | ၅% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၀% | ၀% | ၈% | ၆% |

- **မေးခွန်း(၁၆)**

လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရာ၌ တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှအတိုင်းအတာအထိ ထိရောက်မှု ရှိသနည်း။




**လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း၌ တရုတ်နိုင်ငံ၏ပါဝင်မှုသည် ထိရောက်မှုရှိကြောင်း** ဖြေဆိုသူ၏ **၅၉ ရာခိုင်နှုန်း** (ထိရောက်ပါသည်နှင့် အလွန်ထိရောက်ပါသည်)က ယူဆကြပါသည်။ မြန်မာ့အကျပ်အတည်း ဖြေရှင်းရာ၌ တရုတ်နိုင်ငံ၏ပါဝင်မှုသည် ထိရောက်ကြောင်း **အများဆုံးဖြေဆိုကြပြီး ၄၆ ရာခိုင်နှုန်း**ရှိသည်။ မထိရောက်ပါဟုဖြေဆိုသူ ၂၉ ရာခိုင်နှုန်းရှိပါသည်။ အလွန်ထိရောက်ပါသည်ဟု ဖြေဆိုသူ ၁၃ ရာခိုင်နှုန်းရှိသော်လည်း လုံးဝ မထိရောက်ပါဟု ဖြေဆိုသူ ရှစ်ရာခိုင်နှုန်းခန့် ရှိသည်။

မေးခွန်း(၁၆)ကို မေးမြန်းရာတွင် **လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရာ၌ တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှအတိုင်းအတာအထိ ထိရောက်မှု ရှိသနည်းကို အဆင့်သတ်မှတ်ပေးပါ**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝမထိရောက်ပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန် ထိရောက်ပါသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မူဝါဒအသိုက်အဝန်းအလိုက် ခွဲခြားကြည့်ပါက အစုအဖွဲ့များ၏ ကျန်ရွေးချယ်ချက်များတွင် သိသာထင်ရှားသည့် ကွဲပြားချက်များ မတွေ့ရသော်လည်း **နိုင်ငံရေးပါတီ**များ၏ **၈၂ ရာခိုင်နှုန်းကျော်** (ထိရောက်ပါသည်နှင့် အလွန်ထိရောက်ပါသည်)က **တရုတ်နိုင်ငံ၏ပါဝင်မှု ထိရောက်ကြောင်း** အများဆုံးဖြေဆိုခဲ့သည်။ **မထိရောက်ပါ**ဟု ဖြေဆိုသူများထဲတွင် **အရပ်ဘက် အဖွဲ့အစည်းများ**က အများဆုံးဖြစ်ပြီး **၄၆ ရာခိုင်နှုန်းကျော်** (လုံးဝ မထိရောက်ပါနှင့် မထိရောက်ပါ) ရှိသည်။

- **မေးခွန်း(၁၆) 'လက်ရှိမြန်မာ့နိုင်ငံရေးအကျပ်အတည်း ဖြေရှင်းရာ၌ တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှအတိုင်းအတာအထိ ထိရောက်မှုရှိသနည်း'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝမထိရောက်ပါ | ၈% | ၁၀% | ၆% | ၈% | ၅% |
| မထိရောက်ပါ | ၂၉% | ၃၇% | ၁၂% | ၁၅% | ၃၀% |
| ထိရောက်ပါသည် | ၄၆% | ၃၅% | ၇၀% | ၄၈% | ၅၆% |
| အလွန် ထိရောက်ပါသည် | ၁၃% | ၁၇% | ၁၂% | ၁၈% | ၄% |
| မသိပါ | ၁% | ၁% | ၀% | ၃% | ၁% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၀% | ၀% | ၈% | ၄% |

- **မေးခွန်း(၁၇)မှ (၂၀)အထိ**

## မြန်မာ့ အဓိကဇာတ်ကောင်များနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေး။




အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်းတွင် တရုတ်နိုင်ငံသည် စစ်ကောင်စီ၊ ရှမ်းပြည်နယ်မြောက်ပိုင်းအခြေစိုက် လက်နက်ကိုင်အဖွဲ့များနှင့် ဆက်ဆံရေး ကောင်းမွန်သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားညီညွတ်ရေးအစိုးရတို့နှင့် ဆက်ဆံရေးမကောင်းဟု သုံးသပ်ကြသည်။ **တရုတ်နိုင်ငံနှင့် စစ်ကောင်စီအကြား ဆက်ဆံရေးကောင်း**သည်ဟု ဖြေဆိုသူအများဆုံးဖြစ်ပြီး **၄၇ ရာခိုင်နှုန်း** ရှိပါသည်။ ကြားနေ ၃၇ ရာခိုင်နှုန်းရှိပြီး ဆက်ဆံရေးမကောင်းဟုယူဆသူ ၁၀ ရာခိုင်နှုန်းကျော်ရှိသည်။ **အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဆက်ဆံရေးမကောင်း**ဟု ဖြေဆိုသူ **၅၅ ရာခိုင်နှုန်းနီးပါး** ရှိပါသည်။ ကောင်းသည်ဟုဖြေဆိုသူ ကိုးရာခိုင်နှုန်းကျော်ရှိသည်။ **ရှမ်းပြည်နယ်မြောက်ပိုင်းအခြေစိုက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးကောင်းမွန်**သည်ဟု ယူဆသူ **၅၃ ရာခိုင်နှုန်းနီးပါး** ရှိပြီး၊ မကောင်းဟုဖြေဆိုသူ ၁၀ ရာခိုင်နှုန်း၊ ကြားနေသူ ၂၉ ရာခိုင်နှုန်းခန့်ရှိသည်။ **အမျိုးသားညီညွတ်ရေးအစိုးရနှင့် တရုတ်နိုင်ငံအကြား ဆက်ဆံရေးမကောင်း**ဟု ယူဆသူအများဆုံးဖြစ်ပြီး **၆၅ ရာခိုင်နှုန်းကျော်** ရှိသည်။ ကောင်းသည်ဟုယူဆသူ ငါးရာခိုင်နှုန်းကျော်၊ ကြားနေ ၁၈ ရာခိုင်နှုန်းကျော်နှင့် မသိပါဟု ဖြေဆိုသူမှာ ခုနစ်ရာခိုင်နှုန်းကျော် ရှိခဲ့သည်။

မေးခွန်း(၁၇)မှ (၂၀)အထိကို မေးမြန်းရာတွင် **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် နောက်ပိုင်း ယခုဖတ်ပြမည့် အဖွဲ့အစည်းများနှင့် တရုတ်နိုင်ငံ အကြား ဆက်ဆံရေးအနေအထားကို အဆင့်သတ်မှတ်ပေးပါ**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝမကောင်းပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်ကောင်းပါသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

- **မေးခွန်း(၂၁)**

## မြန်မာနိုင်ငံကို တရုတ်နိုင်ငံက မည်သို့ မြင်လိုသနည်း။




တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအား ဒီမိုကရေစီနိုင်ငံ ဖြစ်လာရေးထက် အာဏာရှင်စနစ်ကျင့်သုံးသော နိုင်ငံအဖြစ် မြင်လိုကြောင်း မြန်မာ့မူဝါဒအသိုက်အဝန်းမှ ပုဂ္ဂိုလ်များက ယူဆကြသည်။ **အာဏာရှင်စနစ်ကျင့်သုံးသော နိုင်ငံ**အဖြစ်မြင်လိုကြောင်း **၅၅ ရာခိုင်နှုန်း**က ဖြေဆိုခဲ့ပြီး အများဆုံးဖြစ်သည်။ ဒီမိုကရေစီနိုင်ငံဖြစ်လာရေး လိုလားသည်ဟု ဖြေဆိုသူ ၁၅ ရာခိုင်နှုန်းရှိပြီး၊ ဖြေဆိုရန်ငြင်းဆန်သူ ၂၂ ရာခိုင်နှုန်း၊ မသိပါဟုဖြေဆိုသူ ရှစ်ရာခိုင်နှုန်းခန့် ရှိသည်။

မေးခွန်း(၂၁)ကို မေးမြန်းရာတွင် **မြန်မာ့နိုင်ငံရေးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံ၏ သဘောထားအမြင်နှစ်ခုကို ဖတ်ပြပါမည်။ မည်သည့်အချက်အား သဘောတူကြောင်း ပြောပြပါ**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် အဖြေတခုကိုသာ ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို အာဏာရှင်စနစ်ကျင့်သုံးသော နိုင်ငံအဖြစ် မြင်လိုကြောင်း ထက်ဝက်ကျော်က ဖြေဆိုခဲ့ပြီး ဖြေဆိုရန်ငြင်းဆန်သူ **၂၂ ရာခိုင်နှုန်း** ရှိခဲ့သည်။ မူဝါဒအသိုက်အဝန်းအလိုက် ဆန်းစစ်ပါက အရပ်ဘက်အဖွဲ့အစည်းများအနက် **၇၅ ရာခိုင်နှုန်း**ကျော်က တရုတ်နိုင်ငံသည် မြန်မာနိုင်ငံကို အာဏာရှင်စနစ်ကျင့်သုံးသော နိုင်ငံအဖြစ် မြင်လိုနေသည်ဟု ဖြေကြားခဲ့ပြီး၊ စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ **၄၃ ရာခိုင်နှုန်းနီးပါး**ကလည်း ထိုအမြင်ယူဆချက်အတိုင်း ဖြေဆိုခဲ့သည်ကို တွေ့ရပါသည်။ ဖြေဆိုရန် ငြင်းဆန်ခဲ့သူများထဲတွင် နိုင်ငံရေးပါတီများက အများဆုံးဖြစ်ပြီး **၄၁ ရာခိုင်နှုန်းကျော်** ရှိပါသည်။ ဒုတိယအများဆုံး ငြင်းဆန်ခဲ့သူများမှာ ထင်ရှားသူများနှင့် EAOs များဖြစ်ပြီး **၃၀ ရာခိုင်နှုန်း** ရှိသည်။ အရပ်ဘက်အဖွဲ့အစည်းများဘက်တွင် ဖြေဆိုရန်ငြင်းဆန်သူ **၁၆ ရာခိုင်နှုန်း**ရှိပြီး၊ စီးပွားရေးအသင်း၊ အဖွဲ့အစည်းများဘက်တွင် ဖြေဆိုရန်ငြင်းဆန်သူ **၁၈ ရာခိုင်နှုန်းနီးပါး** ရှိသည်။

- **မေးခွန်း(၂၁) 'မြန်မာနိုင်ငံကို တရုတ်နိုင်ငံက မည်သို့ မြင်လိုသနည်း' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မြန်မာနိုင်ငံ ဒီမိုကရေစီ နိုင်ငံ ဖြစ်လာရေးကို တရုတ်နိုင်ငံက လိုလားသည် | ၁၅% | ၆% | ၂၄% | ၂၈% | ၂၁% |
| မြန်မာနိုင်ငံကို အာဏာရှင် စနစ် ကျင့်သုံးသည့် နိုင်ငံအဖြစ် တရုတ်နိုင်ငံက မြင်လိုသည် | ၅၅% | ၇၅% | ၂၉% | ၄၃% | ၃၅% |
| မသိပါ | ၈% | ၃% | ၆% | ၁၂% | ၁၄% |
| ဖြေဆိုရန်ငြင်းဆန် | ၂၂% | ၁၆% | ၄၁% | ၁၇% | ၃၀% |

**မေးခွန်း(၂၂)**

တရုတ်နိုင်ငံအနေဖြင့် လက်ရှိမြန်မာ့အကျပ်အတည်း၌ မည်သို့ပါဝင်သင့်သနည်း။




လက်ရှိမြန်မာ့အကျပ်အတည်းတွင် တရုတ်နိုင်ငံက အထိရောက်ဆုံး ပါဝင်နိုင်မည့်နည်းလမ်းသည် **ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းပါဝင်ခြင်း**ဟု ယူဆကြပြီး၊ ဖြေဆိုသူ **၃၂ ရာခိုင်နှုန်း**ဖြင့်အများဆုံးဖြစ်ခဲ့သည်။အာဆီယံအထူးကိုယ်စားလှယ်နှင့်ပူးပေါင်းပါဝင်ခြင်းဟု ဖြေဆိုကြသူမှာ ဒုတိယအများဆုံးဖြစ်ပြီး ၃၀ ရာခိုင်နှုန်းရှိသည်။ တရုတ်နိုင်ငံအနေဖြင့် တိုက်ရိုက်ပါဝင်ခြင်းဟု ဖြေဆိုသူမှာ ၁၉ ရာခိုင်နှုန်း ဖြစ်ကာ၊ လုံးဝ မပါဝင်သင့်ဟု ဖြေဆိုသူ ကိုးရာခိုင်နှုန်းရှိပါသည်။

မေးခွန်း(၂၂)ကို မေးမြန်းရာတွင် **တရုတ်နိုင်ငံအနေဖြင့် လက်ရှိမြန်မာနိုင်ငံ၏ အကျပ်အတည်းတွင် ပါဝင်နိုင်မည့် ပုံစံနည်းနာအချို့ကို ဖတ်ပြခဲ့သည်။ ထို့နောက် မည်သည့်ပုံစံဖြင့် ပါဝင်ပါက အထိရောက်ဆုံးဖြစ်မည်ထင်သနည်း**ဟု မေးမြန်းခဲ့ကာ တခုကို ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၂၂)ကို ဖြေဆိုကြရာ၌ မူဝါဒအဖွဲ့များအကြား ဦးစားပေးမှု ကွာဟသည်ကို တွေ့ရပါသည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်နှင့်ပူးပေါင်းပါဝင်ခြင်းကိုအရပ်ဘက်အဖွဲ့အစည်းများ၏ **၃၉ ရာခိုင်နှုန်း**က ဖြေကြားခဲ့ပြီး အများဆုံးဖြစ်ပါသည်။ နိုင်ငံရေးပါတီများ၏ **၃၅ ရာခိုင်နှုန်းကျော်**ကမူ တရုတ်နိုင်ငံကို တိုက်ရိုက်ပါဝင်စေလိုကြောင်း ဖြေဆိုခဲ့သည်။ အာဆီယံအထူးကိုယ်စားလှယ်နှင့် ပူးပေါင်းပါဝင်စေကြောင်းကို ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ **၄၂ ရာခိုင်နှုန်းကျော်**၊ စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ **၃၀ ရာခိုင်နှုန်း** တို့က အများဆုံးဖြင့် အသီးသီးရွေးချယ်ခဲ့ကြသည်။ တရုတ်နိုင်ငံအနေဖြင့် တိုက်ရိုက်ပါဝင်ခြင်းနည်းနာကို နိုင်ငံရေးပါတီများကသာ အများဆုံး ရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး စီးပွားရေးအသင်း၊ အဖွဲ့အစည်းများဘက်တွင်လည်း တရုတ်နိုင်ငံ တိုက်ရိုက်ပါဝင်ခြင်းကို ဒုတိယအများဆုံးအဖြစ် ရွေးချယ်ထားသည်။ ယခုမေးခွန်းကို ဖြေဆိုရန် ငြင်းဆန်သူများထဲတွင် စီးပွားရေးအသင်း၊ အဖွဲ့အစည်းများက အများဆုံးဖြစ်ပြီး **၁၈ ရာခိုင်နှုန်းနီးပါး** ရှိပါသည်။

■ **မေးခွန်း(၂၂) 'တရုတ်နိုင်ငံအနေဖြင့် လက်ရှိမြန်မာ့အကျပ်အတည်း၌ မည်သို့ပါဝင်သင့်သနည်း' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝ မပါဝင်သင့်ပါ | ၉% | ၁၃% | ၁၂% | ၃% | ၅% |
| တရုတ်နိုင်ငံအနေဖြင့် တိုက်ရိုက်ပါဝင်ခြင်း | ၁၉% | ၁၆% | ၃၅% | ၂၅% | ၁၄% |
| UN အထူးကိုယ်စားလှယ်နှင့် ပူးပေါင်းပါဝင်ခြင်း | ၃၂% | ၄၀% | ၂၉% | ၂၀% | ၂၆% |
| အာဆီယံအထူးကိုယ်စားလှယ် နှင့် ပူးပေါင်းပါဝင်ခြင်း | ၃၀% | ၂၆% | ၁၈% | ၃၀% | ၄၂% |
| အခြား | ၄% | ၄% | ၀% | ၃% | ၇% |
| မသိပါ | ၃% | ၁% | ၆% | ၂% | ၄% |
| ဖြေဆိုရန် ငြင်းဆန် | ၃% | ၀% | ၀% | ၁၇% | ၂% |

- **မေးခွန်း(၂၃)**

  ပြည်တွင်းရေး ဝင်မစွက်ဖက်ခြင်းမူဝါဒကို တရုတ်နိုင်ငံ ကျင့်သုံးနေသည်ဟု ထင်ပါသလား။




တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးတွင် **ပြည်တွင်းရေး ဝင်ရောက်မစွက်ဖက်ခြင်းမူဝါဒကို ကျင့်သုံးမှုမရှိကြောင်း** ဖြေဆိုသူအများစုက ယူဆကြသည်။ ဖြေဆိုသူများအနက် **၆၇ ရာခိုင်နှုန်း**က ထိုသို့ယူဆခဲ့ပြီး **၂၅ ရာခိုင်နှုန်း**က **ကျင့်သုံးနေသည်**ဟု ဖြေဆိုကြပါသည်။

မေးခွန်း(၂၃)ကို မေးမြန်းရာတွင် **မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းရေး ဝင်မစွက်ဖက်ခြင်း မူဝါဒကို ကျင့်သုံးနေသည် ထင်ပါသလား**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၂၃)ကို ဖြေဆိုကြရာ၌ မြန်မာ့နိုင်ငံရေးတွင် တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းရေး ဝင်မစွက်ဖက်ခြင်းမူကို ကျင့်သုံးနေခြင်းမရှိဟု ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ **၇၇ ရာခိုင်နှုန်းကျော်**က ယူဆခဲ့ပြီး အများဆုံးဖြစ်သည်။ အရပ်ဘက်အဖွဲ့အစည်းများ၏ **၆၇ ရာခိုင်နှုန်းကျော်**နှင့် စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ **၆၃ ရာခိုင်နှုန်း** ကလည်း ထိုအတိုင်း ယူဆခဲ့ကြပါသည်။ သို့သော် အရပ်ဘက်အဖွဲ့အစည်းများ၏ **၃၀ ရာခိုင်နှုန်းနီးပါး**၊ နိုင်ငံရေးပါတီများ၏ **၂၉ ရာခိုင်နှုန်းနီးပါး**၊ စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ **၂၅ ရာခိုင်နှုန်း**နှင့် ထင်ရှားသူများနှင့် EAOs များ၏ **၁၆ ရာခိုင်နှုန်းနီးပါး**က တရုတ်နိုင်ငံအနေဖြင့် ပြည်တွင်းရေး ဝင်မစွက်ဖက်ခြင်းမူဝါဒကို ကျင့်သုံးနေကြောင်း ထင်မြင်ယူဆခဲ့ကြသည်။ ယခုမေးခွန်းကို ဖြေဆိုရာတွင် စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ **ခုနစ်ရာခိုင်နှုန်း**က ဖြေကြားရန် ငြင်းဆန်ခဲ့ကြပါသည်။

- **မေးခွန်း(၂၃) 'ပြည်တွင်းရေး ဝင်မစွက်ဖက်ခြင်းမူဝါဒကို တရုတ်နိုင်ငံ ကျင့်သုံးနေသည်ဟု ထင်ပါသလား' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| ထင်ပါသည် | ၂၅% | ၃၀% | ၂၉% | ၂၅% | ၁၆% |
| မထင်ပါ | ၆၇% | ၆၇% | ၄၇% | ၆၃% | ၇၇% |
| မသိပါ | ၅% | ၂% | ၁၈% | ၅% | ၄% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၁% | ၆% | ၇% | ၃% |

- **မေးခွန်း(၂၄)**

  နိုင်ငံရေးအကျပ်အတည်းကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပိုနီးစပ်သွားသည်ဟု ယူဆပါသလား။




အာဏာသိမ်းပြီးနောက်ပိုင်း ဖြစ်လာသော နိုင်ငံရေးအကျပ်အတည်းများကြောင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား **ပိုမိုနီးစပ်သွားမည်ဟု မယူဆ**ကြချေ။ ထိုသို့ မယူဆကြောင်း ဖြေဆိုသူ **၆၀ ရာခိုင်နှုန်း** ရှိခဲ့သည်။ ယူဆပါသည်ဟုဖြေဆိုသူ ၃၁ ရာခိုင်နှုန်း ရှိပြီး၊ မသိပါနှင့် ဖြေဆိုရန် ငြင်းဆန်သူမှာ ငါးရာခိုင်နှုန်းနှင့် လေးရာခိုင်နှုန်း အသီးသီးရှိကြသည်။

မေးခွန်း(၂၄)ကို မေးမြန်းရာတွင် **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ဖြစ်လာသည့် နိုင်ငံရေးအကျပ်အတည်းကြောင့် ယေဘုယျအားဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ပိုနီးစပ်သွားသည်ဟု ယူဆပါသလား**ဟူ၍ မေးမြန်းခဲ့ခြင်းဖြစ်သည်။

- **မေးခွန်း(၂၅)**

  မြန်မာ့အရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံဘက်က တင်းတင်းမာမာ ရင်ဆိုင်နိုင်မည်ဟု ယူဆပါသလား။




မြန်မာ့နိုင်ငံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများနှင့်ပတ်သက်လာပါက ကုလသမဂ္ဂနှင့် အာဆီယံ စသည့် နိုင်ငံတကာမျက်နှာစာများတွင် တရုတ်နိုင်ငံသည် (စစ်ကောင်စီဘက်မှနေ၍) အနောက်နိုင်ငံများကို တင်းတင်းမာမာ ရင်ဆိုင်နိုင်မည်ဟု ယူဆပါသလားဆိုသည့် မေးခွန်းအား **မယူဆကြောင်း** ဖြေဆိုသူ **၅၆ ရာခိုင်နှုန်း** ရှိပြီး **ယူဆပါသည်**ဟု ဖြေဆိုသူ **၃၃ ရာခိုင်နှုန်း** ရှိခဲ့သည်။

မေးခွန်း(၂၅)ကို မေးမြန်းရာတွင် **မြန်မာ့နိုင်ငံရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများနှင့်ပတ်သက်လာပါက ကုလသမဂ္ဂနှင့် အာဆီယံ စသော နိုင်ငံတကာမျက်နှာစာများတွင် တရုတ်နိုင်ငံသည် (စစ်ကောင်စီဘက်မှနေ၍) တင်းတင်းမာမာ ရင်ဆိုင်နိုင်မည်ဟု ယူဆပါသလား**ဟူ၍ မေးမြန်းခဲ့ခြင်း ဖြစ်သည်။

- **မေးခွန်း(၂၆)**

အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း တရုတ်နိုင်ငံအပေါ် ရှုမြင်ပုံ ပြောင်းလဲခဲ့သလား။




အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း တရုတ်နိုင်ငံအပေါ် သဘောထားအမြင် ပြောင်းလဲမှု ရှိ၊ မရှိ မေးမြန်းရာ၌ သဘောထားအမြင် **ပြောင်းလဲမှုမရှိ**ဟု ဖြေဆိုသူ **၅၉ ရာခိုင်နှုန်း**ရှိပြီး၊ **ပို၍ အဆိုးမြင်ပါသည်**ဟု ဖြေဆိုသူ **၃၄ ရာခိုင်နှုန်း**ရှိသည်။ **ပို၍ အကောင်းမြင်လာသည်**ဟု ဖြေဆိုသူ **နှစ်ရာခိုင်နှုန်း**၊ မသိပါဟုဖြေဆိုသူ **နှစ်ရာခိုင်နှုန်း**နှင့် **ဖြေဆိုရန် ငြင်းဆန်သူ သုံးရာခိုင်နှုန်း**ရှိသည်။

မေးခွန်း(၂၆)ကို မေးမြန်းရာတွင် **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း တရုတ်နိုင်ငံအပေါ် ပို၍အဆိုးမြင်လာသလား၊ သို့မဟုတ် ပို၍ အကောင်းမြင်လာသလား၊ သို့မဟုတ် အပြောင်းအလဲမရှိဘူးလား**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၂၆)ကို ဖြေဆိုကြရာ၌ သဘောထားအမြင် ပြောင်းလဲခြင်းမရှိဟု အုပ်စုအသီးသီးက အများဆုံးဖြေဆိုခဲ့ကြသည်။ **ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်များ အစုအဖွဲ့မှ** ဖြေကြားသူ **၇၀ ရာခိုင်နှုန်းကျော်**သည် သဘောထားအမြင်ပြောင်းလဲမှုမရှိဟု ရွေးချယ်ခဲ့ပြီး အုပ်စုအသီးသီးတွင် အများစုဖြစ်ပါသည်။ **ပို၍အဆိုးမြင်လာသည်**ဟူသောအဖြေကို အများဆုံးရွေးချယ်ခဲ့ကြသူများမှာ **အရပ်ဘက်အဖွဲ့အစည်းများ**ဖြစ်ပြီး **၄၄ ရာခိုင်နှုန်း** ရှိပါသည်။ ထို့အတူ စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ **၃၂ ရာခိုင်နှုန်းကျော်**ကလည်း ထိုသို့ယူဆခဲ့ကြသည်။

**■ မေးခွန်း(၂၆) 'အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း တရုတ်နိုင်ငံအပေါ် ရှုမြင်ပုံ ပြောင်းလဲခဲ့သလား' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| ပိုအဆိုးမြင်ပါသည် | ၃၄% | ၄၄% | ၁၂% | ၃၂% | ၂၅% |
| အပြောင်းအလဲ မရှိပါ | ၅၉% | ၅၅% | ၆၄% | ၅၀% | ၇၀% |
| ပိုအကောင်းမြင်ပါသည် | ၂% | ၀% | ၁၂% | ၅% | ၂% |
| မသိပါ | ၂% | ၁% | ၀% | ၃% | ၃% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၀% | ၁၂% | ၁၀% | ၀% |

- **မေးခွန်း(၂၇)**

မြန်မာ့မူဝါဒများအတွက် တရုတ်နိုင်ငံ မည်သို့စဉ်းစားသနည်း။




အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနှင့်ပတ်သက်သော မူဝါဒစဉ်းစားချက်တွင် အာဏာကိုင်စွဲထားသောသူ **မည်သူနှင့်မဆို အဆင်ပြေသော ဆက်ဆံရေး ရရှိရန်အတွက်သာ အဓိကထားစဉ်းစား**သည်ဟု မြန်မာ့မူဝါဒ အသိုက်အဝန်းက ယူဆကြသည်။ ထိုသို့ယူဆကြောင်း ဖြေဆိုသူ **၇၉ ရာခိုင်နှုန်း** ရှိပါသည်။ ထိုပမာဏမှာ **ယခုစစ်တမ်းကို ဖြေဆိုကြသည့်အဖြေများထဲ၌ ရာခိုင်နှုန်းအများဆုံး ရရှိသည့် အဖြေတခု** ဖြစ်ပါသည်။ မြန်မာပြည်သူများ၏သဘောထားကို အလေးထားစဉ်းစားသည်ဟု ဖြေဆိုသူ ၁၁ ရာခိုင်နှုန်းသာ ရှိပြီး ဖြေဆိုရန်ငြင်းဆန်သူ ခုနစ်ရာခိုင်နှုန်း၊ မသိပါဟုဖြေဆိုသူ သုံးရာခိုင်နှုန်း ရှိပါသည်။

မေးခွန်း(၂၇)ကို မေးမြန်းရာတွင် **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း တရုတ်နိုင်ငံအနေနှင့် မြန်မာနိုင်ငံနှင့်ပတ်သက်သော မူဝါဒများတွင် အဓိက အလေးထားစဉ်းစားသည့် အချက်နှစ်ချက်**ကို ဖတ်ပြခဲ့ကာ တခုကို ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၂၇)ကို ဖြေကြားရာ၌ တရုတ်နိုင်ငံသည် **အာဏာကိုင်စွဲထားသူ မည်သူနှင့်မဆို အဆင်ပြေသော ဆက်ဆံရေးကို အဓိကထားစဉ်းစားသည်**ဟု **အရပ်ဘက်အဖွဲ့အစည်းများ၏ ၈၉ ရာခိုင်နှုန်းကျော်**က အများဆုံးယူဆကြသည်။ ဒုတိယအများဆုံးမှာ **နိုင်ငံရေးပါတီများ**ဘက်ကဖြစ်ပြီး **၈၂ ရာခိုင်နှုန်းကျော်** ရှိပါသည်။ စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ ၆၈ ရာခိုင်နှုန်းနီးပါးအပြင် ထင်ရှားသူများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ၆၇ ရာခိုင်နှုန်းလည်း ထိုသို့ ယူဆကြပါသည်။

■ **မေးခွန်း(၂၇) 'အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း မြန်မာ့မူဝါဒများအတွက် တရုတ်နိုင်ငံ မည်သို့စဉ်းစားသနည်း' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မြန်မာပြည်သူများ၏ သဘောထားကို အလေးထားစဉ်းစားသည် | ၁၁% | ၉% | ၆% | ၁၅% | ၁၄% |
| အာဏာကိုင်စွဲထားသူနှင့် အဆင်ပြေရန်ကိုသာ အဓိကထား စဉ်းစားသည် | ၇၉% | ၈၉% | ၈၂% | ၆၈% | ၆၇% |
| မသိပါ | ၃% | ၀% | ၀% | ၃% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၇% | ၂% | ၁၂% | ၁၄% | ၁၀% |

# မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား စီးပွားရေးအရ ဆက်ဆံရေး

- **မေးခွန်း(၂၈)**

တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများက မြန်မာလူထုအတွက် မည်မျှအကျိုးရှိသနည်း။




မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများက **မြန်မာပြည်သူများအပေါ် အကျိုးရှိကြောင်း** ဖြေဆိုသူ (အကျိုးရှိပါသည်နှင့် အလွန်အကျိုးရှိပါသည် အပါအဝင်) **၅၂ ရာခိုင်နှုန်း** ရှိသည်။ အကျိုးမရှိဟု ဖြေဆိုသူ ၃၆ ရာခိုင်နှုန်းရှိပြီး၊ လုံးဝအကျိုးမရှိဟု ဖြေဆိုသူ ခြောက်ရာခိုင်နှုန်း ရှိပါသည်။

မေးခွန်း(၂၈)ကို မေးမြန်းရာတွင် **တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများက မြန်မာပြည်သူလူထုအပေါ် မည်သည့်အတိုင်းအတာအထိ အကျိုးရှိသလဲ ဆိုသည်ကို အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝ အကျိုးမရှိပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်အကျိုးရှိပါသည်' ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၂၈)အတွက် အဖြေများကို ဆန်းစစ်လျှင် အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၃ ရာခိုင်နှုန်းကျော်က တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံအတွက် (လုံးဝ အကျိုးမရှိ အပါအဝင်) အကျိုးမရှိဟု အများဆုံး ရှုမြင်ခဲ့သည်။ စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ ၈၀ ရာခိုင်နှုန်းမှာမူ (အလွန်အကျိုးရှိပါသည် အပါအဝင်) အကျိုးရှိပါသည်ဟု အများဆုံး ဖြေကြားခဲ့သည်။ နိုင်ငံရေးပါတီများ၏ ၇၆ ရာခိုင်နှုန်းကလည်း (အကျိုးရှိပါသည်နှင့် အလွန်အကျိုးရှိပါသည်) အကျိုးရှိသည်ဟု ရှုမြင်ကြသည်။

■ **မေးခွန်း(၂၈) 'တရုတ်နိုင်ငံ၏ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများက မြန်မာလူထုအတွက် မည်မျှအကျိုးရှိသနည်း' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝ အကျိုးမရှိပါ | ၆% | ၁၀% | ၀% | ၃% | ၂% |
| အကျိုးမရှိပါ | ၃၆% | ၅၃% | ၁၈% | ၁၅% | ၂၆% |
| အကျိုး ရှိပါသည် | ၅၀% | ၂၉% | ၇၀% | ၇၇% | ၆၃% |
| အလွန် အကျိုး ရှိပါသည် | ၂% | ၃% | ၆% | ၃% | ၀% |
| မသိပါ | ၄% | ၃% | ၀% | ၂% | ၅% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၂% | ၆% | ၀% | ၄% |

- **မေးခွန်း(၂၉)**

## တရုတ်နိုင်ငံသည် မြန်မာအတွက် အကြီးမားဆုံးစီးပွားဖက် ဖြစ်နေခြင်းကို မည်သို့သဘောထားသနည်း။




တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက် ဖြစ်သည်နှင့်ပတ်သက်ပြီး **စိုးရိမ်စရာ**အဖြစ် ရှုမြင်သူ **၅၈ ရာခိုင်နှုန်း**ရှိသည်။ ကြိုဆိုစရာအဖြစ်မြင်သူ ၂၆ ရာခိုင်နှုန်းရှိပြီး၊ မသိပါဟုဖြေဆိုသူ ကိုးရာခိုင်နှုန်းရှိသည်။ ဖြေဆိုရန်ငြင်းဆန်သူမှာ ခုနစ်ရာခိုင်နှုန်း ရှိပါသည်။

မေးခွန်း(၂၉)ကို မေးမြန်းရာတွင် **တရုတ်နိုင်ငံသည် မြန်မာအတွက် အကြီးမားဆုံးစီးပွားဖက် ဖြစ်နေသည့်အပေါ် သဘောထားကို** မေးမြန်းခဲ့ခြင်းဖြစ်သည်။ ‘စိုးရိမ်စရာဖြစ်သည်’ နှင့် ‘ကြိုဆိုစရာဖြစ်သည်’ဟူသော ရွေးချယ်စရာ ပေးထားပြီး တခုအား ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၂၉)အတွက် ဖြေဆိုချက်များကို ဆန်းစစ်ပါက **အရပ်ဘက်အဖွဲ့အစည်းများ၏ ၇၈ ရာခိုင်နှုန်းကျော်**က **စိုးရိမ်စရာ**ဟု အများဆုံး ယူဆခဲ့ကြပြီး **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ ၅၅ ရာခိုင်နှုန်း**က **ကြိုဆိုစရာ**ဟု ဖြေဆိုခဲ့ကြသည်။ သို့သော် နိုင်ငံရေးပါတီများ၏ ၄၁ ရာခိုင်နှုန်းကျော်က စိုးရိမ်စရာဟု မြင်ခဲ့သည့်နည်းတူ ကျန် ၄၁ ရာခိုင်နှုန်းကျော်ကမူ ကြိုဆိုစရာဟု မြင်ခဲ့ပါသည်။ နိုင်ငံရေးပါတီများ၏ ၁၂ ရာခိုင်နှုန်းနီးပါး၊ ထင်ရှားသူများနှင့် EAOs များ၏ ၁၂ ရာခိုင်နှုန်းတို့က ဖြေဆိုရန် ငြင်းဆန်ခဲ့ပါသည်။

- **မေးခွန်း(၂၉) 'တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အကြီးမားဆုံးစီးပွားဖက် ဖြစ်နေခြင်းကို မည်သို့သဘောထားသနည်း' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| စိုးရိမ်စရာ ဖြစ်သည် | ၅၈% | ၇၈% | ၄၁% | ၂၇% | ၄၇% |
| ကြိုဆိုစရာ ဖြစ်သည် | ၂၆% | ၁၃% | ၄၁% | ၅၅% | ၂၅% |
| မသိပါ | ၉% | ၅% | ၆% | ၁၀% | ၁၆% |
| ဖြေဆိုရန်ငြင်းဆန် | ၇% | ၄% | ၁၂% | ၈% | ၁၂% |

- **မေးခွန်း(၃၀)နှင့် (၃၁)**

နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ် မည်သို့မြင်သနည်း။




အာဏာသိမ်းမှုဖြစ်ပြီးနောက်ပိုင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား **ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနှစ်ခုစလုံး၌ ပိုနည်းသွား**သည်ဟု အများစုကဖြေခဲ့သည်။ ကုန်သွယ်ရေးတွင် ပိုနည်းသွားသည်ဟုယူဆသူ **၇၃ ရာခိုင်နှုန်း**ရှိပြီး ယခင်အတိုင်းဟုယူဆသူ **၁၂ ရာခိုင်နှုန်း** ရှိသည်။ ပိုများလာသည်ဟု ယူဆသူ **၁၁ ရာခိုင်နှုန်း** ရှိပါသည်။ ရင်းနှီးမြှုပ်နှံမှုတွင် ပိုနည်းသွားသည်ဟု ယူဆသူ **၄၂ ရာခိုင်နှုန်း**ရှိပြီး၊ ယခင်အတိုင်းဟုယူဆသူ **၂၈ ရာခိုင်နှုန်း**ရှိသည်။ ပိုများလာသည်ဟု ယူဆသူ **၂၁ ရာခိုင်နှုန်း**နှင့် မသိပါဟုဖြေဆိုသူ **ခြောက်ရာခိုင်နှုန်း** ရှိပါသည်။

မေးခွန်း(၃၀)နှင့် (၃၁)ကို မေးမြန်းရာတွင် **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးဆက်ဆံမှု အခြေအနေ (ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု)အပေါ်** အမြင်ကိုပြောရန် မေးမြန်းခဲ့ခြင်းဖြစ်သည်။

- **မေးခွန်း(၃၂)မှ (၃၅)အထိ**

## နယ်စပ်ဂိတ်များအား တရုတ်နိုင်ငံက ထိန်းချုပ်ခဲ့သဖြင့် ဘက်အသီးသီးအပေါ် သက်ရောက်မှု။




မှတ်ချက် - မေးခွန်းထဲတွင် **'အလွန် ကောင်းစေသည်'** ဆိုသောအချက် ပါဝင်သော်လည်း ထိုအချက်ကို ဖြေဆိုသူ တဦးမျှမရှိခဲ့ပေ။

ကိုဗစ်ကပ်ဘေးကို အကြောင်းပြု၍ နယ်စပ်ဂိတ်များကို တရုတ်နိုင်ငံကပိတ်ခဲ့သဖြင့် နယ်စပ်ကုန်သွယ်ရေး သိသိသာသာ ကျဆင်းခဲ့ခြင်းသည် စစ်ကောင်စီ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံမှ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် သာမန်ပြည်သူများအပေါ် အတိုင်းအတာတခုအထိ ဆိုးစေသည်ဟု အများဆုံးဖြေဆိုကြသည်။ **စစ်ကောင်စီ**အပေါ် အတိုင်းအတာတခုအထိ **ဆိုးစေ**ကြောင်း ဖြေဆိုသူ ၆၆ **ရာခိုင်နှုန်း**ရှိပြီး၊ **တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ**အပေါ် အတိုင်းအတာတခုအထိ **ဆိုးစေ**သည်ဟုဖြေဆိုသူ **၅၄ ရာခိုင်နှုန်း**ရှိပါသည်။ မြန်မာနိုင်ငံမှ ပြည်တွင်း**စီးပွားရေးလုပ်ငန်းရှင်များ**အပေါ်တွင် အတိုင်းအတာတခုအထိ **ဆိုးစေ**ကြောင်း ဖြေဆိုသူ **၅၀ ရာခိုင်နှုန်း**နှင့် **သာမန်ပြည်သူများ**အပေါ် အတိုင်းအတာတခုအထိ **ဆိုးစေ**ကြောင်း ဖြေဆိုသူ **၅၆ ရာခိုင်နှုန်း** ရှိသည်။

မေးခွန်း(၃၂)မှ (၃၅)ကို မေးမြန်းရာတွင် **၂၀၂၁ ခုနှစ် နိုင်ငံရေးအကျပ်အတည်းကာလအတွင်း တရုတ်နိုင်ငံက ၎င်း၏နယ်စပ်ဂိတ်များကို ထိန်းချုပ်လိုက်သည့်အတွက် တရုတ်-မြန်မာ နယ်စပ်ကုန်သွယ်ရေး ကျဆင်းခဲ့ပါသည်။ ထိုကဲ့သို့ နယ်စပ်ကုန်သွယ်ရေးဂိတ်များကို တင်းကျပ်စွာ ထိန်းချုပ်လိုက်ခြင်းသည် မြန်မာနိုင်ငံအတွင်းရှိ အဖွဲ့အစည်းများအပေါ် မည်သို့သက်ရောက်မှုရှိသည်ဟု ထင်သနည်း**ဟူ၍ မေးမြန်းခဲ့ခြင်းဖြစ်သည်။ ထိုသို့ မေးမြန်းရာတွင် အဖွဲ့အစည်းအချို့ကို ဖတ်ပြခဲ့ပြီး အဆင့်သတ်မှတ်ပေးစေခဲ့ပါသည်။ အဆင့်'၁'သည် 'အလွန်ဆိုးစေသည်'ဖြစ်ပြီး၊ '၅'သည် 'အလွန်ကောင်းစေသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့သည်။

- **မေးခွန်း(၃၆)**

## တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား မည်သည့်အချိန်တွင် စီးပွားရေးအရ ဆက်ဆံမှုအခြေအနေ ပိုကောင်းလာမည်နည်း။




တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးအရ ဆက်ဆံရေးအခြေအနေ ပိုကောင်းမည့် နှစ်ကာလအပိုင်းအခြားကို **ခန့်မှန်းမရသူ အများဆုံး**ဖြစ်နေပြီး မသိပါဟုဖြေဆိုသူ ၂၄ ရာခိုင်နှုန်းရှိသည်။ ဖြေဆိုသူ **၂၀ ရာခိုင်နှုန်း**က **၂၀၂၅ ခုနှစ်နောက်ပိုင်းမှသာ** ပြန်ကောင်းမည်ဟု ယူဆကြပါသည်။ **၂၀၂၄ ခုနှစ်**တွင် ပြန်ကောင်းမည်ဟု ဖြေဆိုသူ **၁၉ ရာခိုင်နှုန်း**ရှိပြီး၊ **ကောင်းလာမည့် အနေအထားမရှိ**ဟု ဖြေဆိုသူ **၁၄ ရာခိုင်နှုန်း** ရှိပါသည်။ ၂၀၂၃ ခုနှစ်အတွင်း ပြန်ကောင်းမည်ဟုဖြေဆိုသူ **၁၁ ရာခိုင်နှုန်း**နှင့် ၂၀၂၅ ခုနှစ်အတွင်း ပြန်ကောင်းမည်ဟု ဖြေဆိုသူ **ခြောက်ရာခိုင်နှုန်း** ရှိပါသည်။ ယခု ၂၀၂၂ ခုနှစ်အတွင်းဟု ဖြေဆိုသူမှာ အနည်းဆုံးဖြစ်ပြီး **တစ်ရာခိုင်နှုန်း**သာရှိသည်။

မေးခွန်း(၃၆)ကို မေးမြန်းရာတွင် **မည်သည့်နှစ်ကာလအပိုင်းအခြားတွင် တရုတ်နှင့်မြန်မာအကြား စီးပွားရေးအရ ဆက်ဆံရေးအခြေအနေ ပိုမိုကောင်းမွန်လာမည်နည်းဟု** မေးမြန်းခဲ့ခြင်းဖြစ်သည်။ ထို့နောက် နှစ်ကာလအပိုင်းအခြားအချို့ကို ဖတ်ပြခဲ့ပြီး ထိုအထဲမှတခုကို ရွေးချယ်စေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၃၆)အတွက် ဖြေဆိုချက်များကို ဆန်းစစ်ပါက **၂၀၂၂ ခုနှစ်တွင် ဆက်ဆံရေး ကောင်းမွန်မည်**ဟု **နိုင်ငံရေးပါတီများနှင့် စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ**ဘက်တွင် ယူဆသူ **တဦးမျှ**မရှိပေ။ ထင်ရှားသူများနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ဘက်တွင် တစ်ရာခိုင်နှုန်းကျော်ရှိပြီး၊ အရပ်ဘက်အဖွဲ့အစည်းများဘက်တွင်လည်း တစ်ရာ ခိုင်နှုန်း ရှိခဲ့သည်။ **၂၀၂၅ ခုနှစ်နောက်ပိုင်းမှ ကောင်းမွန်လာနိုင်မည်**ဆိုခြင်းကို **နိုင်ငံရေးပါတီ များ**က အများဆုံးရွေးချယ်ခဲ့ပြီး **၃၅ ရာခိုင်နှုန်း**ကျော် ရှိခဲ့သည်။

- **မေးခွန်း(၃၆) 'တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံအကြား စီးပွားရေးအရ ဆက်ဆံမှုပိုကောင်းမည့် နှစ်ကာလအပိုင်းအခြား' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| ၂၀၂၂ ခုနှစ် အတွင်း | ၁% | ၁% | ၀% | ၀% | ၂% |
| ၂၀၂၃ ခုနှစ် အတွင်း | ၁၁% | ၁၀% | ၀% | ၁၂% | ၁၆% |
| ၂၀၂၄ ခုနှစ် အတွင်း | ၁၉% | ၁၃% | ၂၉% | ၂၇% | ၂၁% |
| ၂၀၂၅ ခုနှစ် အတွင်း | ၆% | ၇% | ၆% | ၃% | ၅% |
| ၂၀၂၅ ခုနှစ် နောက်ပိုင်း | ၂၀% | ၂၆% | ၃၅% | ၅% | ၁၈% |
| ကောင်းမွန်လာမည့် အနေအထား မရှိပါ | ၁၄% | ၂၀% | ၀% | ၁၀% | ၁၂% |
| မသိပါ | ၂၄% | ၂၂% | ၂၄% | ၃၃% | ၂၁% |
| ဖြေဆိုရန် ငြင်းဆန် | ၅% | ၁% | ၆% | ၁၀% | ၅% |

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ ပါဝင်မှု

- **မေးခွန်း(၃၇)**

  မြန်မာ့ငြိမ်းချမ်းရေးရရှိရန် တရုတ်နိုင်ငံ မည်မျှလိုလားသနည်း။




တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် **ငြိမ်းချမ်းရေးရရှိရန် လိုလားပါသည်**ဟု ဖြေဆိုသူ (အတိုင်းအတာတခုအထိ လိုလားပါသည်နှင့် အလွန်လိုလားပါသည် အပါအဝင်) **၇၅ ရာခိုင်နှုန်း** ရှိပြီး အများဆုံးဖြစ်သည်။ မလိုလားပါဟုဖြေဆိုသူ **၁၅ ရာခိုင်နှုန်း** ရှိပြီး၊ အလွန်လိုလားကြောင်း ဖြေဆိုသူ **ရှစ်ရာခိုင်နှုန်း**ခန့် ရှိပါသည်။

မေးခွန်း(၃၇)ကို မေးမြန်းရာတွင် **တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးရရှိရေးကို မည်မျှအတိုင်းအတာအထိ လိုလားကြောင်း အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်‘၁’သည် ‘လုံးဝ မလိုလားပါ’ဖြစ်ပြီး၊ ‘၄’သည် ‘အလွန်လိုလားသည်’ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၃၇)ကို ဖြေဆိုရာ၌ **မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန် တရုတ်နိုင်ငံအနေဖြင့် အတိုင်းအတာတခုအထိ လိုလား**ကြောင်း အစုအဖွဲ့လေးခုစလုံးက ယူဆကြသည်။ ထိုသို့ယူဆရာတွင် **နိုင်ငံရေးပါတီများ၏ ၈၈ ရာခိုင်နှုန်းကျော်**က (အလွန်လိုလား အပါအဝင်) **အတိုင်းအတာတခုအထိ လိုလား**သည်ဟု ဖြေကြသည်။ **ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ၈၈ ရာခိုင်နှုန်းနီးပါး**ကလည်း ထိုအတိုင်း ယူဆခဲ့ပါသည်။

**မေးခွန်း(၃၇) 'မြန်မာ့ငြိမ်းချမ်းရေးရရှိရန် တရုတ်နိုင်ငံ မည်မျှလိုလားသနည်း' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝ မလိုလားပါ | ၅% | ၇% | ၀% | ၅% | ၄% |
| မလိုလားပါ | ၁၅% | ၂၃% | ၆% | ၁၂% | ၅% |
| အတိုင်းအတာ တခုအထိ လိုလားပါသည် | ၆၇% | ၆၀% | ၈၂% | ၅၅% | ၈၃% |
| အလွန် လိုလားပါသည် | ၈% | ၈% | ၆% | ၁၅% | ၅% |
| မသိပါ | ၄% | ၂% | ၀% | ၈% | ၃% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၆% | ၅% | ၀% |

- **မေးခွန်း(၃၈)**

မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရန် တရုတ်နိုင်ငံ မည်မျှစွမ်းဆောင်နိုင်သနည်း။




တရုတ်နိုင်ငံသည်မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရေးအတွက်အတိုင်းအတာတခုအထိ ဆောင်ရွက်နိုင်စွမ်းရှိသည်ဟု အများဆုံးယူဆကြပြီး **၇၀ ရာခိုင်နှုန်း**ရှိသည်။ ဆောင်ရွက်နိုင်စွမ်း အပြည့်အဝရှိကြောင်း ယူဆသူ **၁၄ ရာခိုင်နှုန်း**ရှိကာ ဒုတိယ အများဆုံးဖြစ်သည်။ ဆောင်ရွက်နိုင်စွမ်းမရှိဟု ယူဆသူ **၁၁ ရာခိုင်နှုန်း**ရှိပြီး ဆောင်ရွက်နိုင်စွမ်း လုံးဝမရှိဟု ယူဆသူ **နှစ်ရာခိုင်နှုန်း**ခန့် ရှိပါသည်။

မေးခွန်း(၃၈)ကို မေးမြန်းရာတွင် **မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် တရုတ်နိုင်ငံတွင် စွမ်းဆောင်ရည် မည်မျှရှိသည်ကို အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်‘၁’သည် ‘ဆောင်ရွက်နိုင်စွမ်း လုံးဝမရှိ’ဖြစ်ပြီး၊ ‘၄’သည် ‘ဆောင်ရွက်နိုင်စွမ်း အပြည့်အဝရှိ’ ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

- **မေးခွန်း(၃၉)**

# မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှသက်ရောက်မှုရှိသနည်း။




မြန်မာ့ငြိမ်းချမ်းရေး၌ တရုတ်နိုင်ငံ၏ပါဝင်မှုကို ကောင်းကျိုးဆိုးကျိုးသတ်မှတ်သည့် မေးခွန်းတွင် အတိုင်းအတာတခုအထိ ကောင်းကျိုးရှိကြောင်း အများဆုံးဖြေခဲ့ကြပြီး **၅၆ ရာခိုင်နှုန်း** ရှိခဲ့သည်။ အတိုင်းအတာတခုအထိ ဆိုးကျိုးဖြစ်စေကြောင်းဖြေခဲ့သူ ဒုတိယအများဆုံးရှိပြီး **၂၅ ရာခိုင်နှုန်း** ရှိပါသည်။ အလွန်ကောင်းကျိုးဖြစ်စေသည်နှင့် အလွန်ဆိုးကျိုးဖြစ်စေသည်ဟု ဖြေဆိုသူ **လေးရာခိုင်နှုန်း**စီရှိပြီး၊ မသိပါဟုဖြေဆိုသူ **ခုနစ်ရာခိုင်နှုန်း** ရှိပါသည်။

မေးခွန်း(၃၉)ကို မေးမြန်းရာတွင် **မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏ပါဝင်မှု မည်မျှအကျိုးသက်ရောက်မှုရှိသည်ကို အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'အလွန် ဆိုးကျိုးဖြစ်စေသည်'ဖြစ်ပြီး၊ '၄'သည် 'အလွန် ကောင်းကျိုးရှိပါသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## မေးခွန်း(၄၀)

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များအပေါ် တရုတ်နိုင်ငံ မည်မျှလွှမ်းမိုးသနည်း။




ရှမ်းပြည်မြောက်ပိုင်းရှိ တိုင်းရင်းသား လက်နက်ကိုင်များအပေါ် တရုတ်နိုင်ငံသည် အတိုင်းအတာတခုအထိ လွှမ်းမိုးမှုရှိကြောင်းကို အများဆုံးယူဆကြပြီး **၆၀ ရာခိုင်နှုန်း**ရှိသည်။ ထို့အပြင် အလွန်လွှမ်းမိုးမှုရှိသည်ဟု ယူဆသူ **၃၅ ရာခိုင်နှုန်း** ပါရှိသည်။ လုံးဝလွှမ်းမိုးမှုမရှိနှင့် လွှမ်းမိုးမှုမရှိဟုယူဆသူ တဦးမျှမရှိခြင်းမှာ ထူးခြားချက်ဖြစ်သည်။

မေးခွန်း(၄၀)ကို မေးမြန်းရာတွင် **ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များအပေါ် တရုတ်နိုင်ငံက မည်မျှအတိုင်းအတာအထိ လွှမ်းမိုးနိုင်သနည်းကို အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်‘၁’သည် ‘လုံးဝ လွှမ်းမိုးမှုမရှိပါ’ဖြစ်ပြီး၊ ‘၄’သည် ‘အလွန် လွှမ်းမိုးမှုရှိသည်’ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၄၀)ကို ဖြေဆိုရာ၌ **နိုင်ငံရေးပါတီများ၊ ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ**မှ ဖြေဆိုသူအားလုံးက (အလွန်လွှမ်းမိုးခြင်းအပါအဝင်) **အတိုင်းအတာတခုအထိ လွှမ်းမိုးမှုရှိ**သည်ဟု **ရာနှုန်းပြည့် ယူဆ**ခဲ့သည်ကို ထူးထူးခြားခြား တွေ့ရပါသည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၉၇ ရာခိုင်နှုန်း** (အလွန်လွှမ်းမိုးခြင်းအပါအဝင်) နှင့် **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ ၇၇ ရာခိုင်နှုန်းကျော်** (အလွန်လွှမ်းမိုးခြင်းအပါအဝင်) ကလည်း ထိုသို့ ယူဆကြသည်။

- **မေးခွန်း(၄၀) 'ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားလက်နက်ကိုင်များအား တရုတ်နိုင်ငံ မည်မျှလွှမ်းမိုးသနည်း' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝ လွှမ်းမိုးမှုမရှိပါ | ၀% | ၀% | ၀% | ၀% | ၀% |
| လွှမ်းမိုးမှုမရှိပါ | ၀% | ၁% | ၀% | ၀% | ၀% |
| အတိုင်းအတာတခုအထိ လွှမ်းမိုးမှုရှိသည် | ၆၀% | ၅၉% | ၈၈% | ၄၃% | ၆၃% |
| အလွန် လွှမ်းမိုးမှုရှိသည် | ၃၅% | ၃၈% | ၁၂% | ၃၅% | ၃၇% |
| မသိပါ | ၃% | ၂% | ၀% | ၁၂% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၀% | ၀% | ၁၀% | ၀% |

### မေးခွန်း(၄၁)

တပ်မတော်အပေါ် တရုတ်နိုင်ငံ မည်မျှလွှမ်းမိုးသနည်း။




တရုတ်နိုင်ငံက မြန်မာ့တပ်မတော်အပေါ် အတိုင်းအတာတခုအထိ လွှမ်းမိုးနိုင်စွမ်းရှိသည်ဟု အများဆုံးဖြေဆိုကြပြီး **၆၄ ရာခိုင်နှုန်း**ခန့် ရှိပါသည်။ အလွန်လွှမ်းမိုးမှုရှိသည်ဟု ယူဆသူ **၂၃ ရာခိုင်နှုန်း**ရှိကာ လွှမ်းမိုးမှုမရှိဟု ယူဆသူ **ခုနစ်ရာခိုင်နှုန်း** ရှိပါသည်။ လုံးဝလွှမ်းမိုးခြင်း မရှိဟု ယူဆသူ **တစ်ရာခိုင်နှုန်း**သာရှိခြင်းက ထူးခြားချက်တခုဖြစ်သည်။

မေးခွန်း(၄၁)ကို မေးမြန်းရာတွင် **တရုတ်နိုင်ငံက မြန်မာ့တပ်မတော်အပေါ် မည်မျှအတိုင်းအတာအထိ လွှမ်းမိုးနိုင်သနည်းကို အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်‘၁’သည် ‘လုံးဝ လွှမ်းမိုးမှုမရှိပါ’ဖြစ်ပြီး၊ ‘၄’သည် ‘အလွန် လွှမ်းမိုးမှုရှိသည်’ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## မေးခွန်း(၄၂)

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိရောက်အောင်မြင်ရန် တရုတ်နိုင်ငံ မည်သို့ ပါဝင်သင့်သနည်း။




မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိရောက်အောင်မြင်စေရန်အတွက် တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သင့်သည်ဟု ဖြေဆိုသူ **၄၆ ရာခိုင်နှုန်း**ရှိပြီး အများဆုံးဖြစ်သည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် ဘက်အသီးသီးကို တွန်းအားပေးသင့်ကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ကြားဝင်စေ့စပ်ပေးသူအဖြစ် ပါဝင်သင့်သည်ဟုဖြေဆိုသူ ဒုတိယအများဆုံးဖြစ်ပြီး **၁၆ ရာခိုင်နှုန်း**စီ ရှိပါသည်။ လုံးဝ မပါဝင်သင့်ကြောင်း ဖြေကြားသူ **ငါးရာခိုင်နှုန်း**သာ ရှိပါသည်။

မေးခွန်း(၄၂)ကို မေးမြန်းရာတွင် **မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထိရောက်အောင်မြင်နိုင်ရန် တရုတ်နိုင်ငံအနေဖြင့် မည်သို့ ပါဝင်သင့်သနည်း** ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။ ထိုသို့မေးမြန်းရာတွင် အဖြေများကို ဖတ်ပြခဲ့ပြီး တခုကိုသာ ရွေးချယ်စေခဲ့ပါသည်။

## မေးခွန်း(၄၃)

မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေးရရှိရန်အတွက် ဦးစားပေးဖြေရှင်းနိုင်မည့် နည်းလမ်းနှစ်သွယ်။




မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန်အတွက် ဦးစားပေးဖြေရှင်းရမည့် အချက်နှစ်ခုကို ပေးထားခဲ့ပြီး ရွေးချယ်စေခဲ့ရာ ဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံရေး အင်စတီကျူးရှင်းများ ပြုပြင်ပြောင်းလဲရေးကို ဦးစားပေးခြင်းအား အများဆုံးရွေးချယ်ခဲ့ကြပြီး **၇၀ ရာခိုင်နှုန်း** ရှိပါသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးဖြေရှင်းခြင်းအား ရွေးချယ်သူမှာ **၁၃ ရာခိုင်နှုန်း**သာ ရှိပါသည်။

မေးခွန်း(၄၃)ကို မေးမြန်းရာတွင် **လက်ရှိမြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးရရှိရန်အတွက် ဦးစားပေးဖြေရှင်းနိုင်မည့် နည်းလမ်းနှစ်ခု** ကို ဖတ်ပြခဲ့ပြီး တခုကိုသာ ရွေးချယ်စေခဲ့ခြင်းဖြစ်သည်။

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများအပေါ် သဘောထားအမြင်

- **မေးခွန်း(၄၄)**

## တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းသည် မည်သူ့အတွက် ပိုအကျိုးရှိစေသနည်း။




မှတ်ချက် - မေးခွန်းထဲတွင် **'မြန်မာနိုင်ငံကို ပိုပြီးအကျိုးဖြစ်စေတယ်'** ဆိုသောအချက် ပါဝင်သော်လည်း ထိုအချက်ကို ဖြေဆိုသူ တဦးမျှမရှိခဲ့ပေ။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများသည် **တရုတ်နိုင်ငံအတွက် ပိုပြီးအကျိုးရှိစေကြောင်း** အများဆုံးယူဆခဲ့ကြပြီး **၈၃ ရာခိုင်နှုန်း** ရှိပါသည်။ ထိုပမာဏသည် **ယခုစစ်တမ်းကို ဖြေဆိုကြသည့် အဖြေများထဲ၌ ရာခိုင်နှုန်းအများဆုံးရရှိသည့် အဖြေတခု** ဖြစ်ပါသည်။ နှစ်နိုင်ငံစလုံးအတွက် ညီတူညီမျှအကျိုးရှိသည်ဟု ဖြေကြားသူ ၁၂ ရာခိုင်နှုန်းရှိပြီး၊ မြန်မာနိုင်ငံကို ပိုပြီး အကျိုးဖြစ်စေသည်ဆိုခြင်းအား ဖြေဆိုသူ တဦးမျှမရှိခဲ့ပေ။

မေးခွန်း(၄၄)ကို မေးမြန်းရာတွင် **တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းသည် နှစ်နိုင်ငံစလုံးအတွက် ညီတူညီမျှ အကျိုးရှိမည့် စီမံကိန်း၊ သို့မဟုတ် တရုတ်နိုင်ငံကို ပိုပြီးအကျိုးရှိစေသည်၊ သို့မဟုတ် မြန်မာနိုင်ငံကို ပိုပြီးအကျိုးရှိစေသည်၊ မည်သို့ထင်မြင်သနည်း**ဟု မေးမြန်းခဲ့ခြင်းဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၄၄)ကို ဖြေဆိုရာ၌ **နှစ်ဦးနှစ်ဖက် ညီတူညီမျှအကျိုးရှိကြောင်း ဖြေဆိုသူ နည်းပါး** ခဲ့သော်လည်း ထိုအဖြေကို **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ ၃၃ ရာခိုင်နှုန်းနီးပါးက** အများဆုံး ရွေးချယ်ခဲ့ကြပါသည်။

**မေးခွန်း(၄၄) 'တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းသည် မည်သူ့အတွက် ပိုအကျိုးရှိစေသနည်း' အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| နှစ်နိုင်ငံလုံး ညီတူညီမျှ အကျိုးရှိပါသည် | ၁၂% | ၄% | ၆% | ၃၃% | ၁၂% |
| တရုတ်နိုင်ငံကို ပိုပြီးအကျိုးရှိစေတယ် | ၈၃% | ၉၃% | ၈၂% | ၆၂% | ၈၁% |
| မြန်မာနိုင်ငံကို ပိုပြီးအကျိုးဖြစ်စေတယ် | ၀% | ၀% | ၀% | ၀% | ၀% |
| မသိပါ | ၃% | ၁% | ၆% | ၅% | ၅% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၂% | ၆% | ၀% | ၂% |

## မေးခွန်း(၄၅)

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း၏ ရည်ရွယ်ချက်အပေါ် သဘောထားအမြင်။




- တရုတ်နိုင်ငံ၏ စီးပွားရေး အကျိုးအမြတ် ရရှိစေရန်
- မြန်မာနိုင်ငံနှင့် ဒေသတွင်း နိုင်ငံများအပေါ်တွင် ဩဇာလွှမ်းမိုး သက်ရောက်မှု ဖြန့်ကျက်နိုင်ရန်
- ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျ အရေးပါသည့် နေရာများကို ထိန်းချုပ်နိုင်ရန်
- မသိပါ
- ဖြေဆိုရန်ငြင်းဆန်

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း၏ ရည်ရွယ်ချက်သည် **ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသော အရေးပါသည့်နေရာများအား ထိန်းချုပ်ရန်**ဟု ယူဆသူ အများဆုံးရှိပြီး **၆၅ ရာခိုင်နှုန်း** ရှိပါသည်။ မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးသက်ရောက်မှု ဖြန့်ကျက်နိုင်ရန်ဟု ယူဆသူ **၁၄ ရာခိုင်နှုန်း**၊ တရုတ်နိုင်ငံ၏ စီးပွားရေးအရ အကျိုးအမြတ်ရှိစေရန် အခြေခံသည်ဟု ယူဆသူ **၁၅ ရာခိုင်နှုန်း**ရှိသည်။

မေးခွန်း(၄၅)ကို မေးမြန်းရာတွင် **တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်း၏ ရည်ရွယ်ချက်အပေါ် သဘောထားအမြင်** ကို ပြောရန် မေးမြန်းခဲ့ခြင်း ဖြစ်သည်။

## မေးခွန်း(၄၆)

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့်ပတ်သက်၍ လူအများအကြား စိုးရိမ်ပူပန်မှု။




တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့်ပတ်သက်၍ **ဒေသတွင်း ပထဝီနိုင်ငံရေးအရ လွှမ်းမိုးခံရမှု**ကို အများဆုံးစိုးရိမ်ကြပြီး **၃၄ ရာခိုင်နှုန်း**ခန့် ရှိသည်။ အကြွေးထောင်ချောက်ကို စိုးရိမ်သူမှာ ဒုတိယအများဆုံးဖြစ်ပြီး **၁၈ ရာခိုင်နှုန်း**ရှိသည်။ လူမှုနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို စိုးရိမ်သူ **၁၇ ရာခိုင်နှုန်း**ရှိကာ၊ စီးပွားရေးအရလွှမ်းမိုးခံရမှုကို စိုးရိမ်သူ **၁၆ ရာခိုင်နှုန်း** ရှိပါသည်။ နိုင်ငံရေးအရ လွှမ်းမိုးခံရမှုကို စိုးရိမ်သူ **ခြောက်ရာခိုင်နှုန်း**သာ ရှိပြီး၊ တစုံတရာ စိုးရိမ်ပူပန်သူမရှိဟု ဖြေဆိုသူ **သုံးရာခိုင်နှုန်း** ရှိပါသည်။

မေးခွန်း(၄၆)ကို မေးမြန်းရာတွင် **တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့်ပတ်သက်ပြီး လူအများအကြား စိုးရိမ်ပူပန်မှုအမျိုးမျိုးရှိသည့်အနက် အချို့ကို** ဖတ်ပြခဲ့ပြီး စိုးရိမ်ပူပန်ရဆုံးအချက်တခုကို ရွေးချယ်စေခဲ့သည်။

## မေးခွန်း(၄၇)မှ (၅၀)အထိ

## တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ၏ သက်ရောက်မှုများ။

လုံးဝ သဘောမတူပါ | သဘောမတူပါ | သဘောတူပါသည် | လုံးဝ သဘောတူပါသည် | မသိပါ | ဖြေဆိုရန်ငြင်းဆန်

**မေးခွန်း(၄၇)**
ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိသည်။




**မေးခွန်း(၄၈)**
မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်ပါသည်။




**မေးခွန်း(၄၉)**
မြန်မာနိုင်ငံရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများကို တိုးတက်ကောင်းမွန်လာသည်။




**မေးခွန်း(၅၀)**
မြန်မာပြည်သူလူထု ရင်ဆိုင်နေရသော စီးပွားရေး၊ နိုင်ငံရေး အကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်သည်။




မှတ်ချက် - မေးခွန်း(၄၉)နှင့်(၅၀)တွင် **'လုံးဝ သဘောတူပါသည်'** ဆိုသောအချက် ပါဝင်သော်လည်း ထိုအချက်ကို ဖြေဆိုသူ တဦးမျှမရှိခဲ့ပေ။

မေးခွန်း(၄၇)မှ (၅၀)အထိ မေးမြန်းရာတွင် **တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းသည် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများ ရှိကြောင်း ဆိုကြသည့်အနက် အချို့ကို** ဖတ်ပြခဲ့ပြီး သဘောတူ၊ မတူ မေးမြန်းခဲ့ခြင်းဖြစ်သည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းသည် **ငြိမ်းချမ်းရေးလုပ်ငန်းစဉ်**အပေါ် **အကျိုးသက်ရောက်မှုရှိသည်ဆိုသော အချက်အား သဘောတူခြင်းမရှိ**သည်ကို တွေ့ရသည်။ သဘောမတူကြောင်း ဖြေဆိုမှု **၄၈ ရာခိုင်နှုန်း** ရှိသည်။ သဘောတူကြောင်းဖြေဆိုသူ **၂၉ ရာခိုင်နှုန်း** ရှိကာ၊ လုံးဝသဘောမတူဟု ဖြေကြားသူ **၁၁ ရာခိုင်နှုန်း**နှင့် မသိပါဟု ဖြေကြားသူ **ခုနစ်ရာခိုင်နှုန်း** ရှိပါသည်။ သို့သော် စီးပွားရေးစင်္ကြံစီမံကိန်းသည် မြန်မာနိုင်ငံ **စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်ကြောင်း ယူဆကြ**ပြီး ဖြေဆိုသူ **၆၀ ရာခိုင်နှုန်း**ရှိသည်။ သဘောမတူသူ **၂၉ ရာခိုင်နှုန်း**ရှိကာ လုံးဝသဘောတူခြင်းမရှိသူ **လေးရာခိုင်နှုန်း**ခန့် ရှိပါသည်။ မြန်မာနိုင်ငံရှိ **ပြည်သူများ၏ လူမှုစီးပွားဘဝများကို တိုးတက်ကောင်းမွန်လာစေသည်**ဟူသောအချက်တွင်မူ သဘောတူသူနှင့် သဘောမတူသူ ရာခိုင်နှုန်းတူညီခဲ့ပြီး **၄၂ ရာခိုင်နှုန်းစီ** ရှိခဲ့သည်။ လုံးဝသဘောမတူဟု ဖြေဆိုသူ **ရှစ်ရာခိုင်နှုန်း**နှင့် မသိပါဟုဖြေဆိုသူ **လေးရာခိုင်နှုန်း** ရှိသည်။ မြန်မာပြည်သူလူထု **ရင်ဆိုင်နေရသော စီးပွားရေး၊ နိုင်ငံရေး အကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်သည်ဆိုသော အချက်ကို သဘောမတူသူ ၅၉ ရာခိုင်နှုန်း**ရှိပြီး အများဆုံးဖြစ်ပါသည်။ သဘောတူကြောင်း ဖြေဆိုသူ **၁၉ ရာခိုင်နှုန်း**နှင့် လုံးဝ သဘောမတူဟု ဖြေဆိုသူ **၁၅ ရာခိုင်နှုန်း** ရှိသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၄၇)မှ (၅၀)အထိ ဖြေဆိုချက်များအား နှိုင်းယှဉ်ဆန်းစစ်ရာတွင် **စီးပွားရေးစင်္ကြံစီမံကိန်းသည် ငြိမ်းချမ်းရေးတွင် ကောင်းမွန်သော သက်ရောက်မှုဖြစ်ကြောင်း စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ ၅၅ ရာခိုင်နှုန်း**က ဖြေဆိုခဲ့သည်။ **စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်**သည်ကိုလည်း **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ ၈၅ ရာခိုင်နှုန်း**က (လုံးဝသဘောတူပါသည် အပါအဝင်) သဘောတူခဲ့ကြသည်။ နိုင်ငံရေးပါတီများ၏ ၇၆ ရာခိုင်နှုန်း၊ ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ၇၂ ရာခိုင်နှုန်းတို့ကလည်း (လုံးဝသဘောတူသည် အပါအဝင်) သဘောတူခဲ့ကြောင်း တွေ့ရှိရသည်။ **သဘောမတူကြောင်း** ဖြေဆိုသူများထဲတွင် **အရပ်ဘက်အဖွဲ့အစည်းများ**က **အများဆုံး**ဖြစ်ပြီး (လုံးဝသဘောမတူခြင်း အပါအဝင်) သဘောမတူကြောင်း ၅၂ ရာခိုင်နှုန်းကျော်က ဖြေခဲ့သည်။ **မြန်မာနိုင်ငံမှ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာစေမည်**ကိုလည်း **အရပ်ဘက်အဖွဲ့အစည်းများ**က သဘောမတူခဲ့ဘဲ(လုံးဝသဘောမတူခြင်း အပါအဝင်) **သဘောမတူသူ ၇၄ ရာခိုင်နှုန်းကျော်** ရှိခဲ့သည်။ ကျန်အစုအဖွဲ့များအနက် အများစုက သဘောတူကြောင်း ရွေးချယ်ခဲ့ကြသည်။ မြန်မာပြည်သူများ ရင်ဆိုင်နေရသည့် စီးပွားရေး၊ နိုင်ငံရေး အကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်သည်ဆိုသော ပေးထားချက်ကိုမူ အစုအဖွဲ့အားလုံးက သဘောမတူကြောင်း ဖြေဆိုခဲ့ကြသည်။

**မေးခွန်း(၄၇) 'မြေမြောင်းရေးလုပ်ငန်းစဉ်အပေါ်တွင် ကောင်းမွန်သော အကျိုးသက်ရောက်မှုရှိသည်'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝ သဘောမတူပါ | ၁၁% | ၁၈% | ၀% | ၃% | ၇% |
| သဘောမတူပါ | ၄၈% | ၆၁% | ၄၇% | ၂၀% | ၄၄% |
| သဘောတူပါသည် | ၂၉% | ၁၄% | ၄၁% | ၅၅% | ၃၅% |
| လုံးဝ သဘောတူပါသည် | ၁% | ၂% | ၀% | ၀% | ၀% |
| မသိပါ | ၇% | ၄% | ၀% | ၁၂% | ၁၀% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၁% | ၁၂% | ၁၀% | ၄% |

**မေးခွန်း(၄၈) 'မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်ပါသည်'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝ သဘောမတူပါ | ၄% | ၄% | ၁၂% | ၀% | ၅% |
| သဘောမတူပါ | ၂၉% | ၄၈% | ၁၂% | ၈% | ၁၆% |
| သဘောတူပါသည် | ၆၀% | ၄၃% | ၇၆% | ၈၂% | ၇၀% |
| လုံးဝ သဘောတူပါသည် | ၁% | ၁% | ၀% | ၃% | ၂% |
| မသိပါ | ၄% | ၁% | ၀% | ၇% | ၅% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၃% | ၀% | ၀% | ၂% |

- **မေးခွန်း(၄၉) 'မြန်မာနိုင်ငံရှိ ပြည်သူများ လူမှုစီးပွားဘဝများကို တိုးတက်ကောင်းမွန်လာသည်'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝ သဘောမတူပါ | ၈% | ၁၄% | ၀% | ၃% | ၅% |
| သဘောမတူပါ | ၄၂% | ၆၀% | ၃၅% | ၁၅% | ၃၂% |
| သဘောတူပါသည် | ၄၂% | ၂၄% | ၅၉% | ၇၂% | ၄၉% |
| လုံးဝ သဘောတူပါသည် | ၀% | ၀% | ၀% | ၀% | ၂% |
| မသိပါ | ၅% | ၁% | ၀% | ၇% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၁% | ၆% | ၃% | ၃% |

- **မေးခွန်း(၅၀) 'မြန်မာပြည်သူလူထု ရင်ဆိုင်နေရသော စီးပွားရေး၊ နိုင်ငံရေး အကျပ်အတည်းများအတွက် ထွက်ပေါက်ဖြစ်နိုင်သည်'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝ သဘောမတူပါ | ၁၅% | ၂၄% | ၆% | ၁၂% | ၃% |
| သဘောမတူပါ | ၅၉% | ၇၁% | ၅၃% | ၃၅% | ၅၄% |
| သဘောတူပါသည် | ၁၉% | ၄% | ၃၅% | ၃၇% | ၂၈% |
| လုံးဝ သဘောတူပါသည် | ၀% | ၀% | ၀% | ၀% | ၂% |
| မသိပါ | ၄% | ၀% | ၀% | ၈% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၁% | ၆% | ၈% | ၄% |

- **မေးခွန်း(၅၁)**

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံက မြန်မာ့လူမှုဘဝနှင့်သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှု။




မှတ်ချက် - မေးခွန်း(၅၁)တွင် **'လုံးဝ ထိခိုက်မှုမရှိပါ'** ဆိုသောအချက် ပါဝင်သော်လည်း ထိုအချက်ကို ဖြေဆိုသူ တဦးမျှမရှိခဲ့ပေ။

တရုတ်-မြန်မာစီးပွားရေးစင်္ကြံက မြန်မာပြည်သူများ၏ **လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အတိုင်းအတာတခုအထိ ထိခိုက်မှုရှိကြောင်း** ယူဆကြသည်။ ထိုသို့ ဖြေကြားသူ **၅၉ ရာခိုင်နှုန်း** ရှိပါသည်။ အလွန်ထိခိုက်မှုရှိကြောင်း ယူဆသူ **၃၂ ရာခိုင်နှုန်း**ရှိပြီး၊ ထိခိုက်မှုမရှိပါနှင့် မသိပါဟုဖြေဆိုသူ **လေးရာခိုင်နှုန်း**စီ ရှိကြသည်။ လုံးဝထိခိုက်မှု မရှိပါဆိုသော ပေးထားချက်ကို ဖြေဆိုသူ တဦးမျှမရှိခဲ့ပေ။

မေးခွန်း(၅၁)ကို မေးမြန်းရာတွင် **တရုတ်-မြန်မာ စီးပွားရေးစင်္ကြံက မြန်မာပြည်သူများ၏ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်အပေါ် မည်မျှအတိုင်းအတာအထိ ထိခိုက်မှုရှိစေသည်ကို အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝ ထိခိုက်မှုမရှိပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန် ထိခိုက်မှုရှိသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

- **မေးခွန်း(၅၂)**

## တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများနှင့်ပတ်သက်ပြီး ဆက်သွယ်ဆွေးနွေးမှု ရှိ၊ မရှိ။




မှတ်ချက် - မေးခွန်း(၅၂)အား မေးမြန်းရာတွင် အဖြေကို **တခုထက်ပို၍** ရွေးချယ်နိုင်စေရန် ခွင့်ပြုခဲ့သည်။

တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများအား အကောင်အထည်ဖော်မည့် တရုတ်ကုမ္ပဏီများက မြန်မာ့မူဝါဒအသိုက်အဝန်းရှိ ပုဂ္ဂိုလ်များကို ဆက်သွယ်ဆွေးနွေးဖူးပါသလားဆိုသည့် မေးခွန်းကို မေးမြန်းခဲ့ပါသည်။ ထိုမေးခွန်းတွင် တခုထက်ပိုသော အဖြေကို ဖြေဆိုခွင့်ပေးခဲ့ပါသည်။ သို့ရာတွင် တရုတ်ကုမ္ပဏီများအနေဖြင့် **လုံးဝဆက်သွယ်ဆွေးနွေးခြင်းမရှိခဲ့**ကြောင်း ဖြေကြားသူ **၇၅ ရာခိုင်နှုန်း** ရှိသည်။ **ဆက်သွယ်ဆွေးနွေး**ပါသည်ဟု ဖြေကြားသူ **၁၁ ရာခိုင်နှုန်း**ရှိပြီး၊ စီမံကိန်းနှင့်ပတ်သက်၍ အချက်အလက်များပေးသည်ဟု ဖြေကြားသူ **ကိုးရာခိုင်နှုန်း**ရှိပါသည်။ မသိပါဟုဖြေကြားသူမှာ **ငါးရာခိုင်နှုန်း**ဖြစ်သည်။

မေးခွန်း(၅၂)ကို မေးမြန်းရာတွင် **တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းနှင့်ပတ်သက်ပြီး ထိုစီမံကိန်း၌ပါဝင်သော တရုတ်ကုမ္ပဏီများ၏ တာဝန်ရှိသူအနေဖြင့် (သင်၏အမြင်နှင့် သဘောထားများသိရှိရန်) အဖြေတခုထက်ပို၍ ရွေးချယ်ခွင့်ပေးကာ** မေးမြန်းခဲ့ခြင်းဖြစ်သည်။

# ကိုဗစ်-၁၉ ကပ်ရောဂါအတွက် တရုတ်နိုင်ငံ၏ ကူညီမှုအပေါ် သဘောထားအမြင်

- **မေးခွန်း(၅၃)**

ကိုဗစ်-၁၉ ရောဂါအတွက် တရုတ်နိုင်ငံ၏ ကူညီမှုနှင့် အထောက်အပံ့ဖြစ်မှု အတိုင်းအတာ။




မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ တိုက်ဖျက်ရေးအတွက် တရုတ်နိုင်ငံ၏ကူညီမှုသည် **အတိုင်းအတာတခုအထိ အထောက်အပံ့**ဖြစ်သည်ဟု ဖြေဆိုသူ အများဆုံးဖြစ်ပြီး **၇၆ ရာခိုင်နှုန်း**ရှိသည်။ အထောက်အပံ့မဖြစ်ဟုဖြေဆိုသူ **၁၃ ရာခိုင်နှုန်း**ရှိပြီး၊ အလွန် အထောက်အပံ့ဖြစ်သည်ဟု ဖြေဆိုသူ **ရှစ်ရာခိုင်နှုန်း**ရှိသည်။

မေးခွန်း(၅၃)ကို မေးမြန်းရာတွင် **ကိုဗစ်-၁၉ ကပ်ရောဂါအတွက် တရုတ်နိုင်ငံ၏ကူညီမှုက မြန်မာနိုင်ငံအတွင်း ကိုဗစ်ကပ်ရောဂါ တိုက်ဖျက်ရေးအပေါ် မည်မျှအတိုင်းအတာအထိ အထောက်အပံ့ဖြစ်စေသနည်းကို အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝ အထောက်အပံ့ မဖြစ်ပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန် အထောက်အပံ့ ဖြစ်သည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## မေးခွန်း(၅၄)

ကိုဗစ်-၁၉ ကာကွယ်ဆေး အကူအညီပေးခြင်းအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်များအပေါ် ဩဇာလွှမ်းမိုးမှု မြင့်စေသည်။




တိုင်းရင်းသားလက်နက်ကိုင်များ အခြေစိုက်သည့် နယ်စပ်ဒေသများ၌ ကိုဗစ်-၁၉ ကာကွယ်ဆေးရရန် တရုတ်နိုင်ငံက ကာကွယ်ထောက်ပံ့ပေးသည့်အတွက် တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှု ပိုမိုမြင့်တက်စေသည်ဆိုသော ယူဆချက်ကို သဘောတူသည်ဟု ဖြေဆိုသူ **၅၄ ရာခိုင်နှုန်း** ရှိသည်။ သဘောမတူပါဟုဖြေဆိုသူ **၂၇ ရာခိုင်နှုန်း**ရှိပြီး၊ မသိပါဟုဖြေဆိုသူ **ခုနစ် ရာခိုင်နှုန်း** ရှိပါသည်။

မေးခွန်း(၅၄)ကို မေးမြန်းရာတွင် **တိုင်းရင်းသားလက်နက်ကိုင်များ အခြေစိုက်ရာ နယ်စပ်ဒေသများတွင် တရုတ်နိုင်ငံက ကိုဗစ်-၁၉ ကာကွယ်ဆေး အကူအညီများပေးခြင်းသည် တိုင်းရင်းသားလက်နက်ကိုင်များအပေါ်၌ တရုတ်နိုင်ငံ၏ဩဇာလွှမ်းမိုးမှု ပိုမိုမြင့်တက်လာစေသည် ဆိုသည့် သဘောထားမှတ်ချက်များအပေါ် အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝ သဘောမတူပါ'ဖြစ်ပြီး၊ '၄'သည် 'အပြည့်အဝ သဘောတူသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## မေးခွန်း(၅၅)

## တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် ကူညီပေးမှုကြောင့် စစ်ကောင်စီ၏ တရားဝင်မှု ပိုမိုအားကောင်းသွားစေသည်။




ကိုဗစ်-၁၉ တိုက်ဖျက်ရေးအတွက် တရုတ်နိုင်ငံ၏ကူညီပေးမှုသည် စစ်ကောင်စီ၏ တရားဝင်မှုကို ပိုမိုအားကောင်းစေသည်ဟူသော ယူဆချက်အား သဘောမတူဟုဖြေဆိုသူ **၄၃ ရာခိုင်နှုန်း** ရှိပါသည်။ သဘောတူပါသည်ဟု ဖြေဆိုသူ **၃၅ ရာခိုင်နှုန်း**ရှိပြီး၊ အပြည့်အဝ သဘောတူပါသည်ဟုဖြေဆိုသူ **ကိုးရာခိုင်နှုန်း**၊ လုံးဝသဘောမတူပါဟု ဖြေဆိုသူ **သုံးရာခိုင်နှုန်း**၊ မသိပါနှင့် ဖြေဆိုရန်ငြင်းဆန်သူ **ငါးရာခိုင်နှုန်း**စီရှိကြောင်း တွေ့ရသည်။

မေးခွန်း(၅၅)ကို မေးမြန်းရာတွင် **တရုတ်နိုင်ငံသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ကိုဗစ်-၁၉ ကာကွယ်ဆေးအပါအဝင် ရောဂါတိုက်ဖျက်ရေးအတွက် ကူညီပေးခြင်းသည် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ တရားဝင်မှုကို ပိုမိုအားကောင်းသွားစေကြောင်း ပြောဆိုနေကြသည့်အပေါ် မည်မျှအတိုင်းအတာအထိ သဘောတူသနည်းကို အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝ သဘောမတူပါ'ဖြစ်ပြီး၊ '၄'သည် 'အပြည့်အဝ သဘောတူသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

- **မေးခွန်း(၅၆)မှ (၆၀)အထိ**

## တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများအပေါ် ယုံကြည်မှု။

**မေးခွန်း(၅၆)** တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးများ




မှတ်ချက် - မေးခွန်း(၅၆)နှင့် (၅၇)ကို ဖြေဆိုကြရာတွင် **'ဖြေဆိုရန်ငြင်းဆန်'**သူ တဦးမျှမရှိခဲ့ပေ။

ကိုဗစ်-၁၉ ကာကွယ်ဆေးများအပေါ် ယုံကြည်မှုကို တိုင်းတာရာတွင် တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးများနှင့် ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးများအပေါ်တွင် ယုံကြည်မှု အနည်းဆုံးဖြစ်ပြီး၊ အမေရိကန်၊ အင်္ဂလန်နှင့် အိန္ဒိယနိုင်ငံများမှ ထုတ်လုပ်သော ကာကွယ်ဆေးများအပေါ် ယုံကြည်မှုရာခိုင်နှုန်း အမြင့်ဆုံးဖြစ်သည်ကို တွေ့ရပါသည်။ အမေရိကန်နိုင်ငံထုတ် ကာကွယ်ဆေးများအပေါ် ယုံကြည်မှုတွင် **၇၄ ရာခိုင်နှုန်း**၊ အင်္ဂလန်နိုင်ငံထုတ် ကာကွယ်ဆေးများအပေါ်တွင် **၆၉ ရာခိုင်နှုန်း**၊ အိန္ဒိယနိုင်ငံထုတ် ကာကွယ်ဆေးများပေါ်တွင် **၆၂ ရာခိုင်နှုန်း** ယုံကြည်ကြောင်း ဖြေခဲ့ကြသည်။ တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးများအပေါ် ယုံကြည်သည်ဟု ဖြေကြားသူ **၂၆ ရာခိုင်နှုန်း**ရှိပြီး၊ ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးများကို ယုံကြည်ကြောင်း ဖြေဆိုသူ **၂၀ ရာခိုင်နှုန်း** ရှိပါသည်။

မေးခွန်း(၅၆)မှ (၆၀)အထိ မေးမြန်းရာတွင် **နိုင်ငံတကာ၌ အသုံးပြုနေကြသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့် ပတ်သက်ပြီး မည်မျှထိရောက်သည်၊ သို့မဟုတ် ယုံကြည်ရသည်ဆို၍ အမြင်အမျိုးမျိုးရှိကြသည်။ နိုင်ငံအသီးသီးက ထုတ်လုပ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများအပေါ် မည်မျှယုံကြည်သနည်းဆိုခြင်းအား ဖတ်ပြ၍ အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝ မယုံကြည်ပါ'ဖြစ်ပြီး၊ '၅' သည် 'အလွန် ယုံကြည်သည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

မယုံကြည်ပါ | ကြားနေ | ယုံကြည်သည် | မသိပါ | ဖြေဆိုရန်ငြင်းဆန်

**မေးခွန်း(၅၇)** ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးများ




**မေးခွန်း(၅၉)** အိန္ဒိယနိုင်ငံထုတ် ကာကွယ်ဆေးများ




**မေးခွန်း(၅၈)** အင်္ဂလန်နိုင်ငံထုတ် ကာကွယ်ဆေးများ




**မေးခွန်း(၆၀)** အမေရိကန်နိုင်ငံထုတ် ကာကွယ်ဆေးများ



## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

**တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးများနှင့်ပတ်သက်ပြီး မယုံကြည်ကြောင်း** ဖြေကြားသူများထဲတွင် **အရပ်ဘက်အဖွဲ့အစည်းများက** အများဆုံးဖြစ်ပြီး **၄၅ ရာခိုင်နှုန်း**ရှိသည်။ **နိုင်ငံရေးပါတီများ၏ ၄၁ ရာခိုင်နှုန်းက ယုံကြည်ကြောင်း** အများဆုံးဖြေခဲ့ပါသည်။ **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများက ကြားနေ**ခဲ့ပြီး အများဆုံး **၄၅ ရာခိုင်နှုန်း** ရှိပါသည်။

**မေးခွန်း(၅၆) 'တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ယုံကြည်မှု'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မယုံကြည်ပါ | ၃၀% | ၄၅% | ၁၈% | ၁၅% | ၁၉% |
| ကြားနေ | ၄၀% | ၄၀% | ၂၉% | ၄၅% | ၄၂% |
| ယုံကြည်သည် | ၂၆% | ၁၄% | ၄၁% | ၃၅% | ၃၇% |
| မသိပါ | ၄% | ၁% | ၁၂% | ၅% | ၂% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၀% |

**မေးခွန်း(၅၇) 'ရုရှားနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ယုံကြည်မှု'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မယုံကြည်ပါ | ၂၈% | ၃၀% | ၁၈% | ၂၅% | ၃၀% |
| ကြားနေ | ၃၇% | ၄၁% | ၂၄% | ၃၈% | ၃၂% |
| ယုံကြည်သည် | ၂၀% | ၂၁% | ၂၉% | ၂၀% | ၁၄% |
| မသိပါ | ၁၅% | ၆% | ၂၉% | ၁၇% | ၂၄% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၀% |

### မေးခွန်း(၅၈) 'အင်္ဂလန်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ယုံကြည်မှု'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မယုံကြည်ပါ | ၃% | ၅% | ၆% | ၀% | ၂% |
| ကြားနေ | ၁၉% | ၁၉% | ၂၃% | ၁၄% | ၁၉% |
| ယုံကြည်သည် | ၆၉% | ၇၁% | ၄၇% | ၆၈% | ၇၂% |
| မသိပါ | ၈% | ၃% | ၂၄% | ၁၇% | ၅% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၂% | ၀% | ၀% | ၂% |

### မေးခွန်း(၅၉) 'အိန္ဒိယနိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ယုံကြည်မှု'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မယုံကြည်ပါ | ၆% | ၁၀% | ၆% | ၀% | ၂% |
| ကြားနေ | ၂၈% | ၃၁% | ၂၉% | ၂၃% | ၂၈% |
| ယုံကြည်သည် | ၆၂% | ၅၇% | ၅၃% | ၇၃% | ၆၅% |
| မသိပါ | ၃% | ၁% | ၁၂% | ၁၄% | ၄% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၁% | ၀% | ၀% | ၁% |

### မေးခွန်း(၆၀) 'အမေရိကန်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ယုံကြည်မှု'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| မယုံကြည်ပါ | ၃% | ၃% | ၆% | ၃% | ၂% |
| ကြားနေ | ၁၅% | ၁၅% | ၁၈% | ၁၃% | ၁၆% |
| ယုံကြည်သည် | ၇၄% | ၇၇% | ၅၉% | ၇၃% | ၇၄% |
| မသိပါ | ၇% | ၃% | ၁၇% | ၁၁% | ၇% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၂% | ၀% | ၀% | ၁% |

- **မေးခွန်း(၆၁)**

## တရုတ်နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးမူဝါဒအပေါ် အမြင်။




တရုတ်နိုင်ငံ၏ တင်းကျပ်သော ကိုဗစ်-၁၉ ကပ်ရောဂါထိန်းချုပ်ရေး မူဝါဒအပေါ်တွင် ကောင်းမွန်ကြောင်းယူဆသူ (အတိုင်းအတာတခုအထိ ကောင်းပါသည်နှင့် အလွန်ကောင်းပါသည် အပါအဝင်) **၆၈ ရာခိုင်နှုန်း**ခန့် ရှိသည်။ မကောင်းပါဟုယူဆသူ **၁၉ ရာခိုင်နှုန်း**ရှိပြီး မသိပါဟုဖြေဆိုသူ **ခြောက်ရာခိုင်နှုန်း**နှင့် လုံးဝမကောင်းပါဟုဖြေဆိုသူ **ငါးရာခိုင်နှုန်း** ရှိပါသည်။

မေးခွန်း(၆၁)ကို မေးမြန်းရာတွင် **တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးကို ဆောင်ရွက်ရာတွင် ဇဟိုချုပ်ကိုင်မှုများပြီး တင်းကျပ်လွန်းသည်ဆိုသော အမြင်သဘောထားများရှိကြသည်။ ယင်းမူဝါဒသည် သင့်တော်ကောင်းမွန်သလား၊ သို့မဟုတ် မကောင်းဟု မြင်သလား ဆိုခြင်းကို အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်‘၁’သည် ‘လုံးဝ မကောင်းပါ’ဖြစ်ပြီး၊ ‘၄’သည် ‘အလွန်ကောင်းပါသည်’ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

# တရုတ်နိုင်ငံ၏
# အပျော့ဆွဲသြဇာတည်ဆောက်မှုအပေါ်
# အမြင်များ

**မေးခွန်း(၆၂)**

တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများနှင့် အကျိုးသက်ရောက်မှု ရှိ၊ မရှိ။




မှတ်ချက် - မေးခွန်း(၆၂)တွင် **'အလွန်အကျိုးရှိပါသည်'** ဆိုသောအချက် ပါဝင်သော်လည်း ထိုအချက်ကို ဖြေဆိုသူ တဦးမျှမရှိခဲ့ပေ။

တရုတ်နိုင်ငံက မြန်မာနိုင်ငံကိုပေးခဲ့သည့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများထဲတွင် မေးခွန်းဖြေကြားခဲ့သော မြန်မာ့မူဝါဒ အသိုက်အဝန်းနှင့် လူမှုအသိုက်အဝန်းအတွက် အကျိုးတစုံတရာ သက်ရောက်မှု ရှိ၊ မရှိဆိုသည့် မေးခွန်းအား မေးမြန်းခဲ့ရာ အတိုင်းအတာတခုအထိ အကျိုးရှိခဲ့ကြောင်း အများစုကဖြေဆိုခဲ့ပြီး **၄၂ ရာခိုင်နှုန်း**ရှိပါသည်။ အကျိုးမရှိပါဟုဖြေဆိုသူ **၃၉ ရာခိုင်နှုန်း**ဖြစ်ကာ လုံးဝအကျိုးမရှိဟု ဖြေဆိုသူ **၁၃ ရာခိုင်နှုန်း** ရှိပါသည်။

မေးခွန်း(၆၂)ကို မေးမြန်းရာတွင် **မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ လက်ခံရရှိလေ့ရှိသည်။ တရုတ်နိုင်ငံက ပေးအပ်သော ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများသည် ယခုမေးခွန်းဖြေဆိုသူနှင့် လူမှုအသိုက်အဝန်းအတွက် အကျိုးတစုံတရာ သက်ရောက်မှု ရှိ၊ မရှိကို အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝ အကျိုးမရှိပါ'ဖြစ်ပြီး၊ '၄'သည် 'အလွန်အကျိုးရှိပါသည်' ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၆၂)ကို ဖြေဆိုကြရာ၌ အကျိုးရှိကြောင်း ဖြေဆိုသူများထဲတွင် **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ**မှ အများဆုံးဖြစ်ပြီး **၆၀ ရာခိုင်နှုန်း**က (အလွန်အကျိုးရှိ အပါအဝင်) **အတိုင်းအတာတခုအထိ အကျိုးရှိကြောင်း** ဆိုခဲ့သည်။ **အရပ်ဘက်အဖွဲ့အစည်းများ၏ ၆၇ ရာခိုင်နှုန်းကျော်**ကမူ (လုံးဝ အကျိုးမရှိခြင်း အပါအဝင်) **အကျိုးမရှိ**ဟု ဖြေခဲ့ပါသည်။

■ **မေးခွန်း(၆၂) 'တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများနှင့် အကျိုးသက်ရောက်မှု ရှိ၊ မရှိ'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံးဝ အကျိုးမရှိပါ | ၁၃% | ၂၃% | ၀% | ၈% | ၂% |
| အကျိုးမရှိပါ | ၃၉% | ၄၄% | ၂၉% | ၂၃% | ၄၂% |
| အတိုင်းအတာတခုအထိ အကျိုးရှိပါသည် | ၄၂% | ၃၀% | ၄၁% | ၅၇% | ၅၃% |
| အလွန် အကျိုးရှိပါသည် | ၀% | ၀% | ၀% | ၂% | ၀% |
| မသိပါ | ၅% | ၃% | ၁၂% | ၁၀% | ၃% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၀% | ၁၈% | ၀% | ၀% |

- **မေးခွန်း(၆၃)**

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံက မြန်မာနိုင်ငံအတွက် အတုယူလေ့လာစရာဖြစ်သည်။




တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ (Development Model) က **မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အတုယူလေ့လာစရာ** ပုံစံတခုဖြစ်ကြောင်း ပြောဆိုမှုများရှိသည်။ ထိုပြောဆိုချက်များကို သဘောတူခြင်း ရှိ၊ မရှိ မေးမြန်းခဲ့ရာ **၄၇ ရာခိုင်နှုန်း**က **သဘောမတူ**ကြောင်း တုံ့ပြန်ကြသည်။ **၄၅ ရာခိုင်နှုန်း**ကမူ သဘောတူကြောင်း တုံ့ပြန်ပါသည်။ မသိပါနှင့် ဖြေဆိုရန်ငြင်းဆန်သူ **လေးရာခိုင်နှုန်း**စီ ရှိပါသည်။

မေးခွန်း(၆၃)ကို မေးမြန်းရာတွင် **တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ** (Development Model) **သည် မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အတုယူလေ့လာစရာ ပုံစံတခုဖြစ်ကြောင်း ပြောဆိုရေးသားကြခြင်းအပေါ် သဘောတူ၊ မတူ** အမြင်ကို ပြောစေခဲ့ပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

မေးခွန်း(၆၃)ကို ဖြေဆိုရာ၌ **သဘောတူသူနှင့် သဘောမတူသူ ရာခိုင်နှုန်း များစွာခြားနားခြင်း မရှိပေ။** သို့သော် **အရပ်ဘက်အဖွဲ့အစည်းများ**၏ **၅၈ ရာခိုင်နှုန်းကျော်**က **သဘောမတူကြောင်း** ပြောခဲ့ကြပြီး၊ **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ**၏ **၇၂ ရာခိုင်နှုန်းကျော်**နှင့် **နိုင်ငံရေးပါတီများ**၏ **၇၁ ရာခိုင်နှုန်းနီးပါး**က **သဘောတူကြောင်း** ဖြေခဲ့ကြပါသည်။

■ **မေးခွန်း(၆၃) 'တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုပုံစံက မြန်မာနိုင်ငံအတွက် အတုယူလေ့လာစရာဖြစ်သည်' ကို အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| သဘောတူပါသည် | ၄၅% | ၃၅% | ၇၁% | ၇၂% | ၃၇% |
| သဘောမတူပါ | ၄၇% | ၅၈% | ၂၃% | ၂၂% | ၅၁% |
| မသိပါ | ၄% | ၄% | ၀% | ၃% | ၅% |
| ဖြေဆိုရန်ငြင်းဆန် | ၄% | ၃% | ၆% | ၃% | ၇% |

## မေးခွန်း(၆၄)

## တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီကို မြန်မာနိုင်ငံတွင် အတုယူကျင့်သုံးသင့်သည်။




တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီစနစ်မျိုးကို **မြန်မာနိုင်ငံတွင် ကျင့်သုံးသင့်သည်**ဟူသော အချက်ကို **သဘောမတူ**ကြောင်း ဖြေဆိုသူ **၈၇ ရာခိုင်နှုန်း** ရှိသည်။ ထိုပမာဏသည်လည်း ယခုစစ်တမ်းကို ဖြေဆိုကြသည့် အဖြေများထဲ၌ ရာခိုင်နှုန်းအများဆုံးရရှိသည့် အဖြေတခုဖြစ်သည်။ သဘောတူကြောင်းဖြေဆိုသူ **ရှစ်ရာခိုင်နှုန်း**ရှိပြီး၊ ဖြေဆိုရန်ငြင်းဆန်သူ **သုံးရာခိုင်နှုန်း** နှင့် မသိပါဟု ဖြေဆိုသူ **နှစ်ရာခိုင်နှုန်း** ရှိပါသည်။

မေးခွန်း(၆၄)ကို မေးမြန်းရာတွင် **တရုတ်နိုင်ငံကပြောနေသည့် တရုတ်နည်းတရုတ်ဟန် ဒီမိုကရေစီစနစ်မျိုးသည် မြန်မာနိုင်ငံအတွက်လည်း ကိုက်ညီသဖြင့် အတုယူကျင့်သုံးသင့်ကြောင်း ပြောဆိုရေးသားနေကြသည့်အပေါ် သဘောတူ၊ မတူ** အမြင်ကိုပြောစေခဲ့ပါသည်။

- **မေးခွန်း(၆၅)**

တရုတ်နိုင်ငံက စီစဉ်ပေးသော ခရီးစဉ်များ၊ သင်တန်းများ သွားရောက်ပါဝင်ဖူးသလား။




တရုတ်အစိုးရ သို့မဟုတ် စီးပွားရေးကုမ္ပဏီများ သို့မဟုတ် တက္ကသိုလ်၊ အဖွဲ့အစည်းများမှ စီစဉ်ပေးသော တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်များ၊ သင်တန်းများကို သွားရောက်ပါဝင်ဖူးသလားဟု မေးမြန်းခဲ့ရာ **တကြိမ်မျှ သွားရောက်ဖူးခြင်းမရှိ**ဟု ဖြေဆိုသူ **၆၆ ရာခိုင်နှုန်း** ရှိသည်။ နှစ်ကြိမ်နှင့် ငါးကြိမ်အကြား သွားဖူးသူ **၁၇ ရာခိုင်နှုန်း**ရှိပြီး၊ တကြိမ်သွားဖူးသူ **၁၄ ရာခိုင်နှုန်း**ရှိသည်။ ခြောက်ကြိမ်နှင့်အထက်သွားဖူးသူ **သုံးရာခိုင်နှုန်း** ရှိသည်ကိုလည်း တွေ့ရပါသည်။

မေးခွန်း(၆၅)ကို မေးမြန်းရာတွင် **တရုတ်အစိုးရ၊ သို့မဟုတ် စီးပွားရေးကုမ္ပဏီများ၊ သို့မဟုတ် တက္ကသိုလ်နှင့် အဖွဲ့အစည်းများက စီစဉ်သော တရုတ်နိုင်ငံ လေ့လာရေးခရီးစဉ်များ၊ သင်တန်းများသို့ သွားရောက်ပါဝင်ဖူးသလား**ဟူ၍ မေးမြန်းခဲ့ခြင်း ဖြစ်သည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

ယခုစစ်တမ်းကို ဖြေဆိုကြသော မြန်မာ့မူဝါဒအသိုက်အဝန်းမှ သုံးပုံတပုံခန့်မှာ တရုတ်အစိုးရ၊ ကုမ္ပဏီများ၊ တက္ကသိုလ်နှင့် အဖွဲ့အစည်းများက စီစဉ်သော ခရီးစဉ်များကို သွားရောက်ခဲ့သည့် အတွေ့အကြုံရှိကြပါသည်။ အစုအဖွဲ့အလိုက် နှိုင်းယှဉ်ရာတွင် **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ၏ ၅၇ ရာခိုင်နှုန်းကျော်**သည် **တရုတ်နိုင်ငံက စီစဉ်ပေးသော ခရီးစဉ်များတွင် ပါဝင်**ခဲ့ကြသည်။ သွားရောက်သူအများစုမှာလည်း နှစ်ကြိမ်နှင့် ငါးကြိမ်အကြား သွားခဲ့ဖူးသည်ဟု ဖြေခဲ့ကြသည်။ **ထင်ရှားသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ၄၄ ရာခိုင်နှုန်း**လည်း သွားရောက်ခဲ့ဖူးပြီး **ဒုတိယအများဆုံး**ဖြစ်ပါသည်။ ၎င်းတို့အနက် နှစ်ကြိမ်နှင့် ငါးကြိမ်အကြား သွားခဲ့သူများသည် အများဆုံးဖြစ်ကြသည်။

**မေးခွန်း(၆၅) 'တရုတ်နိုင်ငံက စီစဉ်ပေးသော ခရီးစဉ်များ၊ သင်တန်းများ သွားရောက်ပါဝင်ဖူးသလား' ကို အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| တကြိမ်မှ မသွားရောက်ဖူးပါ | ၆၆% | ၈၂% | ၅၉% | ၄၃% | ၅၆% |
| တကြိမ် သွားဖူးသည် | ၁၄% | ၁၃% | ၂၉% | ၁၇% | ၉% |
| နှစ်ကြိမ်နှင့် ငါးကြိမ်အကြား | ၁၇% | ၅% | ၁၂% | ၃၅% | ၂၈% |
| ခြောက်ကြိမ်နှင့်အထက် | ၃% | ၀% | ၀% | ၅% | ၇% |
| မသိပါ | ၀% | ၀% | ၀% | ၀% | ၀% |
| ဖြေဆိုရန်ငြင်းဆန် | ၀% | ၀% | ၀% | ၀% | ၀% |

# တရုတ်နည်းပညာသုံး မိုဘိုင်းဖုန်းများ၊ အက်ပလီကေးရှင်းများနှင့် လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ် ပစ္စည်းများ သုံးစွဲမှုအခြေအနေ

- **မေးခွန်း(၆၆)**

  တရုတ်ကုမ္ပဏီများက ထုတ်လုပ်သည့် ဆက်သွယ်ရေး၊
  သတင်းအချက်အလက် နည်းပညာနှင့် ပစ္စည်းများကို အသုံးပြုနေပါသလား။




မှတ်ချက် - မေးခွန်း(၆၆)အား မေးမြန်းရာတွင် အဖြေကို **တခုထက်ပို၍** ရွေးချယ်နိုင်စေရန် ခွင့်ပြုခဲ့သည်။
ယခုမေးခွန်းကို ဖြေဆိုကြရာတွင် **'မသိပါ'** နှင့် **'ဖြေဆိုရန်ငြင်းဆန်'**သူ တဦးမျှမရှိခဲ့ပေ။

တရုတ်ကုမ္ပဏီထုတ်ပစ္စည်းများ အသုံးပြုရာတွင် **တယ်လီဖုန်းများအားသုံးစွဲသည်**ဟု အများစုက ဖြေဆိုခဲ့ကြပြီး **၄၈ ရာခိုင်နှုန်း** ရှိပါသည်။ အသုံးမပြုပါဟုဖြေဆိုသူ **၃၀ ရာခိုင်နှုန်း**ရှိပြီး၊ CCTV လုံခြုံရေးစနစ်ကို သုံးစွဲသူ **၂၇ ရာခိုင်နှုန်း**၊ WeChat သုံးစွဲသူ **၂၄ ရာခိုင်နှုန်း**နှင့် TikTok သုံးစွဲသည်ဟု ဖြေဆိုသူ **ရှစ်ရာခိုင်နှုန်း**ရှိသည်ကို တွေ့ရပါသည်။

မေးခွန်း(၆၆)ကို မေးမြန်းရာတွင် **တရုတ်ကုမ္ပဏီများက ထုတ်လုပ်သော ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်၊ နည်းပညာသုံး ပစ္စည်းများကို လက်ရှိ အသုံးပြုနေပါသလား** ဟူ၍ အချို့ကို ဖတ်ပြပြီး တခုထက်မက ရွေးချယ်ခွင့်ပြုကာ မေးမြန်းခဲ့ခြင်း ဖြစ်သည်။

## မေးခွန်း(၆၇)မှ (၇၀)အထိ

### တရုတ်ကုမ္ပဏီထုတ် နည်းပညာပစ္စည်းများနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက် လုံခြုံမှု။

■ လုံခြုံစိတ်ချမှု မရှိပါ ■ ကြားနေ ■ လုံခြုံစိတ်ချ ရပါသည် ■ မသိပါ ■ ဖြေဆိုရန်ငြင်းဆန်

**မေးခွန်း(၆၇)**
တရုတ်ကုမ္ပဏီထုတ် တယ်လီဖုန်းများ




**မေးခွန်း(၆၈)**
WeChat




**မေးခွန်း(၆၉)**
TikTok




**မေးခွန်း(၇၀)**
တရုတ်နည်းပညာသုံး မြို့ပြဖွံ့ဖြိုးမှု စီမံကိန်းများ




မေးခွန်း(၆၇)မှ (၇၀)အထိကို မေးမြန်းရာတွင် **တရုတ်ကုမ္ပဏီများက ထုတ်လုပ်သော တယ်လီဖုန်းအပါအဝင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၊ ပစ္စည်းများကို အသုံးပြုခြင်းသည် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက် လုံခြုံမှုအပေါ် သက်ရောက်မှုရှိကြောင်း ပြောဆိုခြင်းများ ရှိပါသည်။ ထိုပြောဆိုချက်များအပေါ် သဘောထားအမြင်နှင့် လုံခြုံစိတ်ချရမှုအား အဆင့်သတ်မှတ်ပေးရန်** မေးမြန်းခဲ့ခြင်းဖြစ်သည်။ အဆင့်'၁'သည် 'လုံးဝ လုံခြုံစိတ်ချမှု မရှိဘူး'ဖြစ်ပြီး '၅'သည် 'အပြည့်အဝ လုံခြုံစိတ်ချရပါသည်'ဟု ပိုင်းခြားသတ်မှတ်ခဲ့ပါသည်။

တရုတ်ကုမ္ပဏီများက ထုတ်လုပ်သည့် **တယ်လီဖုန်းများ**ကို အများဆုံး သုံးစွဲကြသော်လည်း **လုံခြုံစိတ်ချရမှုမရှိ**ဟု ဖြေဆိုသူ **၆၃ ရာခိုင်နှုန်း**ရှိသည်။ ကြားနေ ၂၅ ရာခိုင်နှုန်းနှင့် မသိပါဟု ဖြေဆိုသူ ခြောက်ရာခိုင်နှုန်း၊ လုံခြုံစိတ်ချရကြောင်း ဖြေဆိုသူ ငါးရာခိုင်နှုန်းရှိသည်။ WeChat သုံးစွဲရာ၌ **လုံခြုံစိတ်ချရမှုမရှိ**ဟု ဖြေဆိုသူ **၅၁ ရာခိုင်နှုန်း**ရှိပြီး၊ မသိပါဟုဖြေဆိုသူ ၂၇ ရာခိုင်နှုန်း၊ ကြားနေ ၁၅ ရာခိုင်နှုန်းနှင့် လုံခြုံစိတ်ချရသည်ဟု ဖြေဆိုသူ ငါးရာခိုင်နှုန်း ရှိပါသည်။ TikTok ကို **လုံခြုံစိတ်ချရမှုမရှိ**ဟု ဖြေဆိုသူ **၄၆ ရာခိုင်နှုန်း**ရှိပြီး၊ မသိဟုဖြေဆိုသူ ၃၉ ရာခိုင်နှုန်း၊ ကြားနေ ကိုးရာခိုင်နှုန်း ရှိပါသည်။ **တရုတ်နည်းပညာသုံး မြို့ပြဖွံ့ဖြိုးမှုစီမံကိန်းများ၊ ဥပမာ- မီးပွိုင့်ထိန်းချုပ်ရေး၊ လုံခြုံရေးစနစ်များ**အပေါ်တွင် **လုံခြုံစိတ်ချရမှုမရှိ**ဟု ယူဆသူ **၄၈ ရာခိုင်နှုန်း**ရှိပြီး၊ ကြားနေ ၂၄ ရာခိုင်နှုန်း၊ လုံခြုံစိတ်ချရပါသည်နှင့် မသိပါဟု ဖြေဆိုကြသူ ၁၃ ရာခိုင်နှုန်းစီ ရှိပါသည်။

## ရလဒ်များကို နှိုင်းယှဉ်ပိုင်းခြားခြင်း

**တရုတ်ကုမ္ပဏီထုတ် ဖုန်းများကို ၄၈ ရာခိုင်နှုန်း**ခန့်က **သုံးစွဲနေ**သော်လည်း **၆၃ ရာခိုင်နှုန်း**ကမူ **လုံခြုံစိတ်ချရမှုမရှိ**ဟု ဖြေဆိုခဲ့ကြသည်။ **တရုတ်ဖုန်း သုံးစွဲသူ**များတွင် **နိုင်ငံရေးပါတီများ**က အများဆုံးဖြစ်ပြီး **၇၀ ရာခိုင်နှုန်းကျော်** ရှိပါသည်။ CCTV **လုံခြုံရေးစနစ်**ကိုမူ **စီးပွားရေးအသင်း၊ အဖွဲ့အစည်းများ**က အများဆုံးအသုံးပြုနေပြီး **၄၇ ရာခိုင်နှုန်းကျော်** ရှိသည်။

**မေးခွန်း(၆၇) 'တရုတ်နိုင်ငံထုတ် တယ်လီဖုန်းများကို အသုံးပြုခြင်းကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု'အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ**

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံခြုံစိတ်ချမှု မရှိပါ | ၆၃% | ၇၂% | ၅၃% | ၄၃% | ၆၃% |
| ကြားနေ | ၂၅% | ၂၃% | ၂၄% | ၃၀% | ၂၆% |
| လုံခြုံစိတ်ချရပါသည် | ၅% | ၂% | ၆% | ၁၅% | ၂% |
| မသိပါ | ၆% | ၂% | ၁၁% | ၁၂% | ၉% |
| ဖြေဆိုရန်ငြင်းဆန် | ၁% | ၁% | ၆% | ၀% | ၀% |

## ■ မေးခွန်း(၆၈) ‘တရုတ်နိုင်ငံမှ WeChat အက်ပလီကေးရှင်းကို အသုံးပြုခြင်းကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု’အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံခြုံစိတ်ချမှု မရှိပါ | ၅၁% | ၅၆% | ၄၁% | ၃၈% | ၅၄% |
| ကြားနေ | ၁၅% | ၁၂% | ၆% | ၂၀% | ၂၁% |
| လုံခြုံစိတ်ချရပါသည် | ၅% | ၄% | ၀% | ၁၃% | ၂% |
| မသိပါ | ၂၇% | ၂၆% | ၄၁% | ၂၉% | ၂၃% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၂% | ၁၂% | ၀% | ၀% |

## ■ မေးခွန်း(၆၉) ‘တရုတ်နိုင်ငံမှ TikTok အက်ပလီကေးရှင်းကို အသုံးပြုခြင်းကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု’အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံခြုံစိတ်ချမှု မရှိပါ | ၄၆% | ၅၃% | ၃၅% | ၃၀% | ၄၇% |
| ကြားနေ | ၉% | ၄% | ၆% | ၁၃% | ၁၆% |
| လုံခြုံစိတ်ချရပါသည် | ၃% | ၄% | ၀% | ၅% | ၂% |
| မသိပါ | ၃၉% | ၃၈% | ၄၇% | ၄၈% | ၃၃% |
| ဖြေဆိုရန်ငြင်းဆန် | ၃% | ၁% | ၁၂% | ၄% | ၂% |

## ■ မေးခွန်း(၇၀) ‘တရုတ်နိုင်ငံမှ တရုတ်နည်းပညာသုံး မြို့ပြဖွံ့ဖြိုးမှု စီမံကိန်းများကြောင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ သတင်းအချက်အလက်လုံခြုံမှု’အပေါ် အသိုက်အဝန်းလေးခု၏ သဘောထားယူဆချက်များ

| | စုစုပေါင်း | အရပ်ဘက် အဖွဲ့အစည်းများ | နိုင်ငံရေး ပါတီများ | စီးပွားရေးအသင်း အဖွဲ့အစည်းများ | ထင်ရှားသူများနှင့် EAOs |
|---|---|---|---|---|---|
| လုံခြုံစိတ်ချမှု မရှိပါ | ၄၈% | ၆၃% | ၂၄% | ၂၃% | ၄၇% |
| ကြားနေ | ၂၄% | ၁၈% | ၃၅% | ၂၈% | ၂၈% |
| လုံခြုံစိတ်ချရပါသည် | ၁၃% | ၈% | ၁၈% | ၂၅% | ၁၂% |
| မသိပါ | ၁၃% | ၁၀% | ၁၈% | ၂၀% | ၁၃% |
| ဖြေဆိုရန်ငြင်းဆန် | ၂% | ၁% | ၅% | ၄% | ၀% |